# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၅၆)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလ စသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

♦ ပြည်ထောင်စုမပြိုကွဲရေး။
♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ရွေးကောက်ပွဲကို ဆင်နွှဲမည်**
**နိုင်ငံတော်သစ် ရှေ့သို့ချီ။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်


၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနေမှုကို လာရောက်လေ့လာခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်သော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပနေမှုကို လာရောက်လေ့လာခဲ့သည့်ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ **စာမျက်နှာ ၅ ကော်လံ ၁ ★**

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်)

# စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေး

ကမ္ဘာ့နိုင်ငံများအနေဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးကဲ့သို့ ရုပ်ကြွင်းလောင်စာများ၊ နျူကလီးယားစွမ်းအင်များအပြင် ရေစွမ်းအင်၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဟိုက်ဒရိုဂျင်စသည့် ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များကိုပါ တိုးချဲ့ရှာဖွေပေါင်းစပ်ပြီး Energy Mix အနေဖြင့် အသုံးပြုလျက်ရှိကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ စွမ်းအင်ဖွံ့ဖြိုးမှုအစီအမံများကိုကြည့်ပါက အနာဂတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များတိုးမြှင့်အသုံးပြုရန် ရည်မှန်းဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ လျင်မြန်စွာတိုးမြင့်လာနေသည့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကိုလည်း အဓိကမှီခိုအသုံးပြုနေရဆဲဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ပြန်ပြည့်မြဲစွမ်းအင်တိုးမြှင့်အသုံးပြုနိုင်စေရန်အတွက် နေစွမ်းအင်၊လေစွမ်းအင်တို့မှ လျှပ်စစ်ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေသကဲ့သို့ စက်သုံးဆီများအသုံးပြုမှုလျှော့ချနိုင်စေရန် လျှပ်စစ်ကားများကို အစားထိုးအသုံးပြုနိုင်ရေး နိုင်ငံတော်အနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့လောင်စာများကို ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေအောင် အဆင့်မြင့်နည်းပညာများအသုံးပြုသုံးစွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိနေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၄ ရက်ကကျင်းပခဲ့သည့် စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအမှာစကားပြောကြားစဉ် **“စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းအသစ်များ၊ ရေနံမြေအသစ်များထွက်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ သက်တမ်းရင့်ရေနံချက်စက်ရုံ၊ ရေနံဓာတုဗေဒစက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံကြီးများ စွမ်းအားပြည့်ပြန်လည်လည်ပတ်နိုင်ရန်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့အပြင် လက်ရှိရေနံမြေများမှ ရေနံအထွက်တိုးစေရေး ခေတ်မီနည်းပညာများအသုံးပြုပြီးဆောင်ရွက်ရန် တိုင်းရင်းသားရေနံလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး နည်းစနစ်ကျရေနံတွင်းများတူးဖော်နိုင်ရန်နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်များ အဆင့်မြှင့်တင်နေသည်ကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ခြင်းကြောင့် နိုင်ငံ၏စွမ်းအင်ကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာမည်ဟုလည်းယုံကြည်ပါကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာနသည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အသက်သွေးကြောတမျှ လိုအပ်ချက်ဖြစ်သည့်စွမ်းအင်များကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့်ဌာနဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက် အရေးကြီးသည့်ဌာနတစ်ခုလည်းဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနဟု သီးသန့်ဌာနတစ်ခုအဖြစ် သတ်သတ်မှတ်မှတ် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ အခုအချိန်တွင် နှစ်ပေါင်း (၄၀)ပြည့်မြောက်ပြီဖြစ်သော်လည်း အမှန်တကယ်တွင် မြန်မာ့ရေနံလုပ်ငန်းသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်သဖြင့် ရှည်လျားသောသမိုင်းကြောင်းရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် မကြာခင်ကာလအတွင်း၌ တစ်နှစ်လျှင် တန်ချိန်(၅)သိန်းချက်လုပ်နိုင်မည့် သန်လျင်ရေနံချက်စက်ရုံသစ်ကြီးကို ပထမအဆင့်အနေဖြင့် စတင်လည်ပတ်နိုင်တော့မည်ဖြစ်သည်။ ဆက်လက်၍လည်း ဒုတိယအဆင့်အနေဖြင့် တစ်နှစ်ကိုတန်ချိန်(၃)သန်းချက်လုပ်နိုင်မည့်စက်ရုံကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်သည်။ **“စွမ်းအင်ပြည့်ဖြိုး နိုင်ငံ့အကျိုး”** ဟူသည့်ဆောင်ပုဒ်အတိုင်း တိုင်းပြည်နှင့်ပြည်သူများ၏အကျိုးစီးပွားတိုးတက်စေရန်ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုအခါ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးမှာ AI နည်းပညာအသုံးပြုနိုင်ရေး၊ 3D Seismic နည်းပညာအသုံးပြုနိုင်ရေးနှင့် ရေနံချက်လုပ်ခြင်းအပိုင်းတွင်လည်း ရေနံချက်စက်ရုံအသစ်များတည်ဆောက်ပြီး အဆင့်မြင့်စက်သုံးဆီများကိုယ်တိုင်ချက်လုပ်ထုတ်လုပ်နိုင်ရေး၊ ဓာတ်မြေသြဇာစက်ရုံများ ထပ်မံတည်ဆောက်နိုင်ရေးအပါအဝင် နည်းပညာမြှင့်တင်ရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နေပြီဖြစ်သည်။ ကမ်းလွန်စီမံကိန်းကြီးများသည် နိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးလျက်ရှိသည်။ ထိုသို့ နိုင်ငံတော်နှင့် အများပြည်သူအတွက်အကျိုးရှိသည့် စီမံကိန်းကြီးများ ထပ်မံဖော်ထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အတွက် **စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေး**အထိ ရည်မှန်းချက်ထားဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# တာဝတိံသာစေတီတော်သစ်ကြီး တည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

ဘိုကလေး ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၏ အထင်ကရစေတီတော်တစ်ခုဖြစ်သည့် တာဝတိံသာစေတီတော်ကြီးသည် ၂၀၂၂ ခုနှစ်က စောင်းတန်းပြိုကျပျက်စီးမှုကြောင့် စေတီတော်ဟောင်းအား ဖျက်သိမ်း၍ အလှူရှင်များ၏ဝိုင်းဝန်းလှူဒါန်းမှုများဖြင့် စေတီတော်သစ်ကြီးအား ပြန်လည်တည်ထားကိုးကွယ်ရာ ယခုအခါ စေတီတော်သစ်ကြီး ပြန်လည်တည်ထားဆောက်လုပ်မှု ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သဖြင့် တပေါင်းလပြည့်နေ့တွင် စေတီတော်သစ်ကြီး၏အထွတ်စေတီတော်အား ရွှေထီးတော်တင်လှူခြင်းနှင့်ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းတို့ဆောင်ရွက်မည်ဖြစ်သည်။

စေတီတော်သစ်ကြီး ၉၅ ရာခိုင်နှုန်း တည်ထားဆောက်လုပ်ပြီးစီးပြီဖြစ်ပြီး စေတီတော်ပင်မအဆောက်အအုံ၏ ဝရန်တာ သံပန်းများတပ်ဆင်ခြင်း၊ အတွင်းလှေကားလက်ရန်းများတပ်ဆင်ခြင်း၊ သင်္ကန်သနဂိုရ်မုခ်ဦး တည်ဆောက်ခြင်းနှင့် မြေယာရှုခင်းအလှဖော်ဆောင်ခြင်း စသောအချောသပ်လုပ်ငန်းများ ဆောင်ရွက်ရန် ကျန်ရှိနေကာ ယင်းလုပ်ငန်းစဉ်များအား အလှူငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စေတီတော်တည်ဆောက်ရေးကော်မတီထံမှသိရသည်။

စေတီတော်စောင်းတန်းပြိုကျမှုကြောင့်စေတီတော်ဟောင်းဖျက်သိမ်း၍စေတီတော်သစ်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကြောင့် ခြောက်နှစ်တာမျှ မကျင်းပခဲ့သည့် ဘိုကလေးမြို့နယ်၏ တာဝတိံသာဘုရားဆင်းပွဲတော်အား ၂၀၂၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် စေတီတော်သစ်ကြီးဖြင့် ကြက်ပျံမကျစည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ဂန္ဓမာပင်များစိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး

ညောင်တုန်း ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အုန်းပင်စုကျေးရွာ၌ အသက်မွေးဝမ်းကျောင်းနှင့် ကျေးရွာစီးပွားရေးမြင့်မားရေးကဏ္ဍအောက်မှ ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(RBF) ရန်ပုံငွေဖြင့် ကြီးပွားတိုးတက်အစုအဖွဲ့က ဂန္ဓမာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မအူပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်နှင့် တာဝန်ရှိသူများက အလျား ပေ ၆၀၊ အနံ ၂၅ ပေရှိ Green House & Net House လေးလုံး၌ စိုက်ပျိုးထားရှိသော ဂန္ဓမာပင်များအား ကျေးရွာကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက ကြီးပွားတိုးတက်အစုအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဒေသနှင့်ကိုက်ညီ၍ အကျိုးအမြတ်များစွာရရှိနိုင်မည့်သီးနှံများကို စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ရေး သီးနှံစိုက်ပျိုးမှုပုံစံရေးဆွဲထားရန်၊ ဈေးကွက်လိုအပ်ချက်ကို ကြိုတင်လေ့လာထားပြီး လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ကြရန်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ကြီးပွားတိုးတက် စိုက်ပျိုးရေးအစုအဖွဲ့သည် ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(RBF) ရန်ပုံငွေမှ ငွေကျပ် ၇၅ သိန်း၊ အစုအဖွဲ့ထည့်ဝင်ငွေကျပ် ၂၈ သိန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၀၃ သိန်းဖြင့် ဂန္ဓမာပင်များအား Green House & Net House တစ်လုံးစီတွင် အပင်ပေါင်း ၄၇၀၀ ဖြင့် အပင်စုစုပေါင်း ၁၈၈၀၀ ပင်အား နိုဝင်ဘာလ စတုတ္ထပတ်မှစတင်စိုက်ပျိုးလျက်ရှိကြောင်း မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှသိရသည်။ **တေဇာလင်း**


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။


**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm


# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှုမြင်ကွင်းဓာတ်ပုံများ


သရက်
ခရိုင်(ပြန်/ဆက်)


ကျောက်တလုံးကြီး
ဇော်နိုင်လင်း


သာယာဝတီ
ခရိုင်(ပြန်/ဆက်)



ချောင်းဆုံ
ကိုကျော်(ချောင်းဆုံ)


မင်းဘူး
မောင်မောင်(မင်းဘူး)


လက်ပံတန်း
မြို့နယ်(ပြန်/ဆက်)


ပျော်ဘွယ်
မင်းမင်းထွေး


မြိတ်
ခိုင်ထူး(ပြန်/ဆက်)


နောင်ချို
နောင်ချို(ပြန်/ဆက်)


မြောင်းမြ
အောင်ဖြိုး(ပြန်/ဆက်)


ချောက်
မြို့နယ်(ပြန်/ဆက်)

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ဒက်ဒီငယ်ငယ်တုန်းက မိထွေးလက်ထဲမှာကြီးခဲ့ရတယ်၊ ဒက်ဒီရဲ့အဖေကလည်း ဒက်ဒီကိုမချစ်ဘူး၊ မိထွေးနဲ့မွေးတဲ့ကလေးတွေကိုပဲချစ်တယ်၊ ဒက်ဒီအရွယ်ရောက်တော့ အမေမသေခင်က ဒက်ဒီနာမည်နဲ့ ထားခဲ့တဲ့ အတွင်းပစ္စည်းတွေကို အမွေရတယ်၊ ဒါတောင် မိထွေးက ကြားကဖြတ်ပြီး အတော်များများယူသေးတယ်တဲ့၊ ရတဲ့ပစ္စည်းတွေကို ထုခွဲပြီး ကိုယ့်စွမ်းကိုယ်စနဲ့ကြီးပွားအောင် အားထုတ်ခဲ့ရတယ်၊ ဒက်ဒီကြုံရဆုံရ ဆက်ဆံရတဲ့ လူတွေက ဒက်ဒီကို ဒုက္ခပဲပေးကြတယ်၊ အမျိုးမျိုးကျော်သွားကြတယ်၊ ကောင်းတဲ့လူ၊ စာနာတတ်တဲ့လူဆိုတာ အပြင်လောကမှာတကယ်မရှိပါဘူး၊ ဒီတော့ ဒက်ဒီမှာ လူတွေကိုမုန်းတဲ့စိတ်ပဲရှိခဲ့တာ ဆန်းလား'

အေးစက်မာကျောနေသော ဒက်ဒီ၏ သံသယမျက်လုံးများသည် ရီဝေလာလေသည်။

'လူတွေဟာ ချစ်စရာမှမကောင်းဘဲ၊ ဒက်ဒီဘယ်ချစ်တတ်မှာလဲ၊ ချစ်ဖို့ရောလိုအပ်လို့လား' 'စု ဖတ်ဖူးတယ်၊ အိမ်ထောင်တစ်ခုတည်ထောင်ရင် မေတ္တာဟာအရေးအကြီးဆုံးတဲ့'

စုလှိုင်ကပြောသောအခါ ဒက်ဒီရယ်လေသည်။ ပြက်လုံးကောင်းတစ်ခုကိုကြားလိုက်ရသကဲ့သို့ ရယ်လေသည်။

'အပိုတွေပါ၊ အရူးတွေရဲ့စကား'

ဒက်ဒီက ရယ်မောရင်းမှ မှတ်ချက်ချသည်။ စောစောတုန်းက ရီဝေနေသော မျက်လုံးများသည် ရုတ်ခြည်းပင်ပြန်ပြီး အေးစက်သွားလေသည်။

'လောကမှာ ကိုယ်လိုချင်တာကိုယ်ရဖို့က အရေးကြီးဆုံးမဟုတ်လား၊ ကိုယ်ဖြစ်ချင်တာဖြစ်၊ ကိုယ်လိုချင်တာရနေရင် အစစအရာရာပြည့်စုံပြီပေါ့၊ အဲဒါတွေအတွက်တော့ ငွေလိုတယ်၊ ဒါပဲ' 'ငွေရှိရင် အစစအရာရာပြည့်စုံပြီပေါ့နော်' 'ဒါပေါ့ ငွေကိုရအောင်ရှာ၊ ရှာပြီးကောင်းကောင်းသုံး၊ သူများတင်စီးတာ၊ ကျော်တာကို ဘယ်တော့မှမခံနဲ့၊ ဘယ်သူ့ကိုမှလည်း မယုံနဲ့၊ ဘာလို့လဲဆိုတော့ လူဆိုတာဘယ်တော့မှကောင်းမယ့်သတ္တဝါတွေ မဟုတ်ဘူး၊ အင်မတန်ကောက်ကျစ်တယ်၊ အဲဒါကို မြဲမြဲမှတ်ထား၊ ဒါပဲ'

ဒက်ဒီသည် အခန်းထဲမှ ထွက်သွားလေသည်။ စုလှိုင်သည် ထမင်းစားခန်းကျယ်ကြီးတွင် တစ်ဦးတည်းငြိမ်သက်စွာတွေးရင်း ကျန်ရစ်လေသည်။

ဇာခန်းဆီးရှည်ကြီးများသည် တဖျပ်ဖျပ်လွင့်နေသည်။ လိပ်ပြာဝါဝါလေးနှစ်ကောင်သည် မှန်ပြတင်းအနားတွင် ပျံဝဲနေကြသည်။ အပေါ်မြင့်လိုက်၊ အောက်နိမ့်လိုက်၊ နီးသွားလိုက်၊ ဝေးသွားလိုက်နှင့်လည်ယှက်ကာ ဝဲပျံနေကြသော လိပ်ပြာလေးနှစ်ကောင်သည် တစ်လောကလုံးကို မေ့နေကြဟန်တူသည်ဟု စုလှိုင်တွေးလိုက်မိလေသည်။ တဆက်တည်းမှာပင် ဖရက်ဒီကို သတိရသွားသည်။ ဖရက်ဒီကပြောသည်။ 'မင်းကိုငါတကယ်ချစ်မိလို့ ညှာလိုက်တာ' ဟု ပြောခဲ့သည်။

စုလှိုင်သည်ငြိမ်သက်စွာထိုင်ရင်း အချစ်ဆိုသော အကြောင်းအရာကို တွေးနေမိသည်။ အချစ်၏အစွမ်းသတ္တိ အတိုင်းအတာကို စုလှိုင်ကောင်းစွာမသိပေ။ တွေးတော၍လည်း ဉာဏ်မမီပေ။ အတန်ကြာတွေးပြီးသောအခါ၌ 'အချစ်ဟူသည်မှာ စင်စစ်ဘာမှမဟုတ်။ အရူးရောဂါတစ်မျိုးသာဖြစ်သည်'ဟု ကောက်ချက်ချမိသည်။

အခန်းထောင့်ရှိခုံလေးပေါ်တွင် တင်ထားသော အချစ်နတ်ဘုရားမ ဗီးနပ်စ်သည် စုလှိုင်ကို ပြုံးယောင်ယောင်မျက်နှာထားနှင့် ခပ်လွှဲလွှဲကြည့်နေဟန်ရှိသည်။ သူ၏ရင်လွှမ်းတန်ဆာသည် မလုံ့တလုံနှင့် လျော့ရဲရဲလေးဖြစ်နေသည်။

စုလှိုင်သည် ဗီးနပ်စ်ကိုစိုက်ကြည့်ရင်း ပြုံးရယ်လိုက်မိလေသည်။

သူ့ကိုပေးသောစာတစ်စောင်ထဲတွင် အချစ်နတ်ဘုရားမလေး စုလှိုင်ဟူ၍ တင်စားထားသည်ကို သတိရလိုက်သောကြောင့်ဖြစ်လေသည်။

■ ■ ■ ■ ■

၁၂-၆-၆၇

အမာညိုရေ

မိတို့တစ်တွေလည်း အပြေးအလွှားနဲ့ အိမ်ကိုပြန်နိုးခနဲ၊ ဒိုင်းခနဲပြန်ရောက်သွားကြတယ်၊ ကျောင်းပိတ်တဲ့နေ့က အမာညို ကျောင်းမတက်ဘူးနော်၊ မိ ဆီးသီးတွေ ယူလာသေးတယ်၊ စားရက်မကြုံတော့ ကြောက်ချေးပါပြီး ကျောင်းမတက်တဲ့သူငတ်တာပေ့ါ။

ဒီနေ့အိမ်မှာ မုန့်ဟင်းခါးချက်တယ်၊ မိတို့အညာက ရန်ကုန်လို ငါးကိုအားကိုးပြီးချက်တာမဟုတ်ဘူး၊ ပဲနဲ့ချက်တာ၊ သိပ်ချိုတယ်၊ ဟင်းရည်ပေါပေါနိုင်နိုင်ဆမ်းပြီးသောက်တာ၊ ဒါကြောင့် အညာမှာဆိုရင် မုန့်ဟင်းခါးသောက်တယ်လို့ ပြောကြတာပေ့ါ၊ အမာညိုကို အညာမုန့်ဟင်းခါးတိုက်ချင်တယ်၊ နောက်ပြီး မုံရွာဘက်မှာ တွင်းပိုးဆိုတာရှိသေးတယ်၊ ဖြူဖြူလေးတွေ၊ လောက်နဲ့တူတယ်၊ သိပ်ပြီးစားကောင်းတာပဲသိလား၊ ပုရစ်ကြော်ရော ကြိုက်လားဟင်၊ အပြန်ကျရင်ယူခဲ့မယ်နော်။

ကျောင်းပိတ်ထားတော့ စာအုပ်တွေလည်း ဖုန်တက်နေတယ်၊ လှည့်ကိုမကြည့်ဖြစ်ဘူး၊ ကျောင်းဖွင့်ဖွင့်ချင်း စာမေးပွဲများစစ်ရင်တော့ ဒုက္ခပဲ၊ ဘာမှရမှာမဟုတ်ဘူး။

အမာညိုသည် မိမိလေး၏စာကို ဖတ်ရင်း ပြုံးနေမိသည်။ အထက်တန်းကျောင်းသူဘဝတုန်းက သက်သက်တို့အခင်ဆုံးဖြစ်ခဲ့သော အမာညိုသည် စက်မှုတက္ကသိုလ်ရောက်သောအခါ သက်သက်နှင့်အတွဲပျက်ခဲ့ရသည်။ ခုံအမှတ် ရှေ့ဆင့်နောက်ဆင့်ဖြစ်သော အညာသူမိမိလေးနှင့်အခင်ဆုံးဖြစ်ခဲ့ရပြန်သည်။ မမျှော်လင့်ဘဲ ကျောင်းပိတ်သွားသောကြောင့် သူတို့သူငယ်ချင်းနှစ်ဦး နှုတ်ပင်မဆက်ဖြစ်လိုက်ကြပေ။

'သမီးအမာညို လာစမ်းမေမေ့ကိုလာကူစမ်းပါဦး'

အိမ်နောက်ဖေးမှမေမေကခေါ်သောအခါ မိမိလေး၏စာကို စာအုပ်ကြားထဲညှပ်ထားခဲ့ပြီးပြေးလာခဲ့သည်။ မီးဖိုချောင်တွင် ချက်ရေးပြုတ်ရေးကို မေမေတစ်ဦးတည်းမနိုင်ပေ၊ မေမေကြီးကလည်း ထိုင်လိုက်ထလိုက်နှင့် သိပ်မလှုပ်ရှားနိုင်တော့သဖြင့် ဟင်းနုနယ်သင်ရုံ၊ ကန်စွန်းရွက်ဆိတ်ရုံကိုသာ စကားတပြောပြောနှင့် အကူအညီပေးနိုင်သည်။ ထို့ကြောင့် မေမေသားငါးကိုင်နေစဉ် ငရုတ်သီးထောင်း၊ ပန်းကန်ဆေးအလုပ်များကို အမာညိုလုပ်ရလေသည်။

**"စုလှိုင်သည်ငြိမ်သက်စွာထိုင်ရင်း အချစ်ဆိုသော အကြောင်းအရာကို တွေးနေမိသည်။ အချစ်၏ အစွမ်းသတ္တိအတိုင်းအတာကို စုလှိုင်ကောင်းစွာမသိပေ။ တွေးတော၍လည်း ဉာဏ်မမီပေ။ အတန်ကြာတွေးပြီးသောအခါ၌ 'အချစ်ဟူသည်မှာ စင်စစ်ဘာမှ မဟုတ်။ အရူးရောဂါတစ်မျိုးသာဖြစ်သည်' ဟု ကောက်ချက်ချမိသည်. . ."**

'ကျွန်တော်လည်း ကူမယ်မေမေ ဘာလုပ်ပေးရမလဲ'

ညီလင်းညိုကပါ စိတ်လိုလက်ရ မီးဖိုချောင်ဝင်လာသည်။ ညီလင်းသည် မေမေ၏အချစ်တော်ဖြစ်သည်။ တောက်တိုမယ်ရ ကူညီတတ်သော သားငယ်ကို မေမေကအချစ်ပိုသည်။ ကျော်ထွန်းညိုသည်ကား ဖေဖေ၏အချစ်တော်ဖြစ်သည်။ ဖေဖေသည် သူ့သားကြီးကို လူကြီးအရာသွင်းကာ တိုင်းရေးပြည်ရေး ဆွေးနွေးလေ့၊ တိုင်ပင်လေ့ရှိသည်။ ထို့ကြောင့် ကြားချောင်နေသော အမာညိုသည် မေမေကြီးကို အပိုင်ကပ်ထားရလေသည်။ သူနှင့်အတူ ငယ်စဉ်ကတည်းက အိပ်ခဲ့သောအမာညိုကိုလည်း မေမေကြီးက ပိုချစ်သည်။ ကျွေးစရာရှိလျှင်လည်း အစားပုတ်သော အမာညိုကို ဦးစွာသတိရလေ့ရှိသည်။

'သားငယ်က ငရုတ်သီးထောင်း၊ သမီးက အဲဒီငါးတွေကိုကိုင်လိုက်'

အမာညိုသည် ဈေးခြင်းတောင်းထဲမှ ငါးများကိုငုံ့ကြည့်ရင်း မျက်နှာလေးရှုံ့သွားသည်။ ငါးခူများဖြစ်သည်။ ခေါင်းများကို ကြေနေအောင်ထုထားသော်လည်း အမြီးဖျားလေးက လှုပ်နေသေးသည်။ မသေမရှင်ဖြစ်နေသော ငါးများကို အမာညို မကိုင်ရဲချေ။

'လုပ်လိုက်စမ်းပါသမီးရယ်၊ မေမေ ဒီမှာ ဆွမ်းတော်ပွဲပြင်နေရလို့၊ ဒီနေ့ သမီးတို့ မေမေကြီးမွေးနေ့' 'ဟုတ်လား၊ မေမေကြီး အသက်ဘယ်လောက်ရှိပြီလဲ' 'ခြောက်ဆယ့်ရှစ်' 'ကြီးလှပြီ' 'ဒါပေ့ါအေ့ ကျုပ်ကညည်းရဲ့အဘွားပဲ၊ ညည်းတောင် ကောလိပ်ရောက်နေမှဟာ' 'အဟက် ဟုတ်သား'

**ဆက်လက်ဖော်ပြပါမည်။**

---

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၆ ခုနှစ်)ထုတ်ပြန်







နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ဟူသည့်ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် "တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)ကို အကောင်အထည်ဖော်လျက်ရှိသည်။ မဟာဗျူဟာစီမံကိန်း၏ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ နှစ်စဉ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ "တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၏ ၂၀၂၆ ခုနှစ်အတွက် စတုတ္ထနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် ငါးရပ်ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေးဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကိုမြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးကဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များသတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ်မှစ၍ ၂၀၂၅ ခုနှစ်အထိ သုံးနှစ်တာကာလအတွင်း ဦးစားပေးအဆင့်(၁)အစီအစဉ်များကို အကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန်ကိစ္စများကိုဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါတရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ စတုတ္ထနှစ်လုပ်ငန်းအစီအစဉ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အင်တာနက်စာမျက်နှာ www.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **မြဝတီ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့မှုကို နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်အတူ လေ့လာခဲ့ရမှုနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်တက်ကြွစွာဖြင့် ဆန္ဒမဲများပေးနေမှုကို မျက်မြင်တွေ့ရှိခဲ့ရမှုအခြေအနေများဆွေးနွေး

★ ရှေ့ဖုံးမှအဆက်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌအနေဖြင့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပခဲ့မှုကို နိုင်ငံတကာမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့်အတူ လေ့လာခဲ့ရမှုနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် လွတ်လပ်တက်ကြွစွာဖြင့် ဆန္ဒမဲများပေးနေမှုကို မျက်မြင်တွေ့ရှိခဲ့ရမှုအခြေအနေများ၊ ရွေးကောက်ပွဲမှတစ်ဆင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များထွက်ပေါ်လာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်ကျန်ရှိနေသည့် မြို့နယ်များအား အပိုင်းအလိုက် ဆက်လက်ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့်ကာကွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍနှင့် လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ လာရောက်စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ နေပြည်တော်လေဆိပ်မှပြန်လည်ထွက်ခွာ





နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)သို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေး အကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ်



Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မွန်းလွဲ ၁၂ နာရီခွဲတွင်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ည ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း လေကြောင်းခရီးဖြင့် အသီးသီးထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ မြဝတီ

## မိမိတို့နိုင်ငံရဲ့ တည်ဆဲဥပဒေတွေကို လိုက်နာတန်ဖိုးထားကြဖို့လိုအပ်

နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများနဲ့သဟဇာတဖြစ်နေဖို့ လိုအပ်တာမှန်ပေမယ့်လည်း ဩဇာခံဖြစ်မသွားဖို့ကိုတော့ အထူးသတိပြုရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သမိုင်းကြောင်းနောက်ခံများအရ လွတ်လပ်၍တက်ကြွပြီးဘက်မလိုက်တဲ့နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူ (၅)ချက်နဲ့အညီ စောင့်ထိန်းလိုက်နာလျက်ရှိပါတယ်။ ခွဲခြားလို့မရတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့လည်း သဟဇာတဖြစ်တဲ့ဆက်ဆံမှုရှိဖို့လိုအပ်သလို မိမိတို့နိုင်ငံရဲ့ တည်ဆဲဥပဒေတွေကိုလည်း လိုက်နာတန်ဖိုးထားကြဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးဖိုရမ်(Peace Forum 2025)ဖွင့်ပွဲအခမ်းအနားတွင်ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)
၂၅.၆.၂၀၂၅



## Naypyitaw State Academy ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စီးပွားရေးပညာမဟာဌာန မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

Naypyitaw State Academy စီးပွားရေးပညာမဟာဌာန၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း နှစ်ပိုင်းခွဲ၍ကျင်းပရာ Naypyitaw State Academy ၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းစီမံမှု တာဝန်ရှိသူများ၊ ဝါဏိဇ္ဇဗေဒ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ စာရင်းအင်းပညာ၊ ဘောဂဗေဒ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာနှင့် စီးပွားရေးပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "မင်းနေပြည်ကတက္ကသိုလ်"သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

ထို့နောက် Naypyitaw State Academy ၏ ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Naypyitaw State Academy ကို ဝင်ရောက်လာကြသည့် ကျောင်းသားမောင်မယ်များကို Naypyitaw State Academy က လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြောင်း၊ စီးပွားရေးပညာရပ်များကို အထူးပြုတက်ရောက်ခွင့် ရရှိကြသော ကျောင်းသား၊ ကျောင်းသူများ အနေဖြင့်လည်း အသက်မွေးဝမ်းကျောင်းဘာသာရပ်များကိုသင်ကြားဆည်းပူးလေ့လာခွင့် ရရှိကြသူများဖြစ်သဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို သယ်ပိုးထမ်းရွက်နိုင်သည့် ပညာရှင်များ ဖြစ်လာစေရန် ကြိုးစားသင်ယူလေ့လာကြရန် တိုက်တွန်းပြောကြားလိုကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ သင်တန်းရေးရာ၊ စီမံရေးရာမှတာဝန်ရှိသူများနှင့်မိတ်ဆက်ပေး၍ သင်တန်းရေးရာဌာန ဌာနမှူး ဒေါ်ယဉ်မင်းသန့်က သင်တန်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက အဆို၊ အကများဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြသည်။

Naypyitaw State Academy တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ သံတမန်ရေးရာ၊ စာကြည့်တိုက်နှင့် သုတပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ကွန်ပျူတာ ကလီးယားရူပဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာ၊ လူမှုရေးပညာ၊ အားကစားပညာနှင့် ဆေးပညာအထူးပြု ဘာသာရပ်များ၏ ပထမနှစ်မှ နောက်ဆုံးနှစ်ဂုဏ်ထူးတန်း အထိ ဘွဲ့ကြိုသင်တန်းများ၊ မဟာအရည်အချင်းစစ်သင်တန်းနှင့် မဟာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

မြဝတီ




## ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E.Mr. Sholban Kara-Ool နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Iskander Azizov တို့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဘဏ္ဍာရေးဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုကိစ္စရပ်များ၊ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

### ၂၉-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၅˚c | / | ၃၁˚c |
| ရန်ကုန် | ၂၁˚c | / | ၃၃˚c |
| မန္တလေး | ၁၅˚c | / | ၃၁˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ်**
**တာဝန်ပေးအပ်ခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့မှ ဦးမြင့်ဆွေအား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကိုထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

**MWD Education,Knowledge & Sports Channel**
၁၀-၁၂-၂၀၂၅ (အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 4 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၁၀ - ၁၇:၂၀ | Grade - 4 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |
| ၃။ | ၁၇:၂၀ - ၁၇:၅၀ | Grade - 5 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၄။ | ၁၇:၅၀ - ၁၉:၂၀ | Grade - 5 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# အမြို့မြို့အနယ်နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ပြပွဲ ပြိုင်ပွဲများကျင်းပ



### ဆင်ပေါင်ဝဲ

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမနှင့် ကလေးစာဖတ်ခန်း၌ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်ပိုစတာပြပွဲကို ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ဦးစီးမှူး ဦးစည်သူထွန်းလင်းက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြောင်းသိကောင်းစရာများ၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အားလပ်ချိန်များတွင် စာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန် အချက်များကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးကြည်သင်း၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဆေးရောင်ခြယ်ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား မုန့်များပေးအပ်ပြီး စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်သွားမည်ဖြစ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်ပိုစတာများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

### မိတ္ထီလာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အထက်တန်းဆင့် ကဗျာရေးစပ်ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အထက်တန်းဆင့် ကဗျာရေးစပ်ပြိုင်ပွဲကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကဗျာရေးစပ်ခြင်း၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

၎င်းနောက် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက လွတ်လပ်အမွေ တို့မြန်ပြည်ထိန်းသိမ်းကြစို့လေ ခေါင်းစဉ်ဖြင့် ကဗျာရေးစပ်ပြိုင်ပွဲကို ပါဝင်ရေးစပ်ကြသည်။

အဆိုပါ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အထက်တန်းဆင့် ကဗျာရေးစပ်ပြိုင်ပွဲကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျင်းပရာ မြို့နယ်အတွင်းရှိအခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

**(မ၀၂)**



### ကန်ကြီးထောင့်




ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် World Vision တို့ပူးပေါင်း၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ဉာဏစွမ်းရည်ပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဒီဇင်ဘာလ ၂၉ ရက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှကျောင်းသား၊ ကျောင်းသူများက မူလတန်းဆင့်(ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စွမ်းပဟေဠိပြိုင်ပွဲ)၊ အလယ်တန်းဆင့် ဉာဏ်စွမ်းပဟေဠိပြိုင်ပွဲ၊ အလယ်တန်းဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် အထက်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ စသည့်ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များအား လိုက်လံရှင်းလင်းပြသကြရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**

### ဘုတ်ပြင်း

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုပေါင်းခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ဓာတ်ပုံပြပွဲ၊နံရံကပ်စာစောင်ပြပွဲနှင့်ကာယစွမ်းရည်ပြိုင်ပွဲကို ဒီဇင်ဘာလ ၂၉ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြူဖြူသိန်းက လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် လွတ်လပ်ရေး၏အဓိပ္ပာယ်များ၊ လူငယ်လူရွယ်များအနေဖြင့် မျိုးဆက်သစ်တို့ ဆက်လက်ထိန်းသိမ်းရမည့် နေ့ထူးနေ့မြတ်များနှင့် လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှု သမိုင်းအကြောင်းအရာများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်များတွင် အသိပညာဗဟုသုတရရှိစေရန် သုတ/ရသ စာအုပ်စာစောင်များကို အခမဲ့လာရောက်ဖတ်ရှုပြီး ငှားရမ်းနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြိုအဖြစ် မူလတန်းဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ကာယစွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲအသီးသီးတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ဦးစီးမှူးက အမှတ်တရလက်ဆောင်များ အသီးသီးပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှု နံရံကပ်စာစောင်များနှင့် မှတ်တမ်းဓာတ်ပုံများခင်းကျင်းပြသထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပန်းနာရင်ကျပ်နှင့် လေစာ

ပန်းနာ၊ ရင်ကျပ်ရောဂါသည် လေနှင့်သလိပ်နှစ်မျိုးပေါင်း၍ အသက်ရှူလမ်းကြောင်းနှင့်အဆုတ်အတွင်းသို့ လေမဝင်နိုင်အောင် ပိတ်ဆို့ရာမှ ဖြစ်ပေါ်လာသော ရောဂါမျိုးဖြစ်သည်။ အသက်ရှူမဝသဖြင့် မောဟိုက်ပင်ပန်းစေသောရောဂါဖြစ်သည့်အတွက် ပန်းနာ(ပမ်းနာ)ဟု ခေါ်ဆိုသည်ဟု ယူဆရသည်။

အာယုဗ္ဗေဒကျမ်းများတွင် ပန်းနာငါးမျိုးရှိကြောင်း ဖော်ပြထားရာ အဓိကကျသော ပန်းနာနှစ်မျိုးမှာ မဟာသာသ (ခေါ်) ပန်းနာကြီးနှင့် ခုဒ္ဒသာသ (ခေါ်) ပန်းနာငယ်တို့ဖြစ်သည်။ ပန်းနာကြီးသည် မျိုးရိုးလိုက်သောပန်းနာမျိုးဖြစ်ပြီး ပန်းနာငယ်မှာ သလိပ်နှင့်လေစာများကို အစားများရာမှဖြစ်သော ပန်းနာမျိုးဖြစ်သည်။ ပန်းနာငယ်သည် မပြင်းထန်သော ရင်ကျပ်ရောဂါမျိုးဖြစ်သည်။

ပန်းနာရောဂါသည် လေစာနှင့်သလိပ်စာနှစ်မျိုးပေါင်း၍ ပိတ်ဆို့သောကြောင့်ဖြစ်သည်ဆိုသော်လည်း တချို့တွင် ဓာတ်မတည့်သော ပန်းရနံ့ကို ရှူရှိုက်မိရုံဖြင့် ပန်းနာ၊ ရင်ကျပ်ရောဂါဖြစ်ရသည်ဟုလည်း လေ့လာသူများက တွေ့ရှိထားသည်။ ပန်းနံ့၊ ရေမွှေးနံ့၊ ဓာတ်ဆီနံ့ စသည်တို့ကြောင့် ပန်းနာရောဂါအခံရှိသူများတွင် ရောဂါပြန်ထလာသည်ကို တွေ့ရဖူးသည်။

ပန်းနာရောဂါရှိသူများသည် တစ်ဦးနှင့်တစ်ဦး ရောဂါဖြစ်ပုံချင်း မတူကြပေ။ တချို့က ပူပြင်းသောနွေရာသီတွင် ရောဂါဖြစ်ကြပြီး တချို့မှာ ဆောင်းရာသီနှင့် မိုးရာသီတို့တွင် ဖြစ်လေ့ရှိသည်။

ပန်းနာ၊ ရင်ကျပ်ရောဂါရှိသူမိတ်ဆွေတစ်ဦးသည် ဝက်သားကြိုက်သည်။ မလိုင်လုံးကြိုက်သည်။ ထိုအစာများစားလျှင် ရင်မကျပ်။ သို့သော် ပန်းဂေါ်ဖီပွင့်ကြော်စားလျှင် ချက်ချင်းပင် ရင်ကျပ်သည်ဟုဆိုသည်။ အမှန်မှာ ပန်းဂေါ်ဖီသည် အအေးစာ၊ လေစာဖြစ်သည်။ ထိုကဲ့သို့ပင် မန်ကျည်းသီးအစိမ်းထောင်းစားပြီး ရင်ကျပ်သူတစ်ဦးကိုလည်း တွေ့ရဖူးသည်။ မန်ကျည်းသီးစိမ်းသည် လေချုပ်စာဖြစ်သည်။

လေစာဟုဆိုရာတွင် လေပွစာနှင့်လေချုပ်စာဟူ၍ နှစ်မျိုးရှိသည်။ ဆေးပညာအရ ထိုထက်ပိုပြီးဆိုးသော လေပျက်စာဟူ၍ ရှိသေးသည်။

အခါးဟူသမျှ လေဓာတ်ကြွဆိုသကဲ့သို့ ခွေးတောက်၊ တမာ၊ ကြောင်လျှာ၊ ကြက်ဟင်းခါး စသည်များသည် လေပွစာများဖြစ်သည်။ ပန်းဂေါ်ဖီ၊ တညင်းသီး၊ မန်ကျည်းသီးစိမ်း၊ ဆီးဖြူသီး၊ ဖန်ခါးသီး၊ သီးမွှေးငှက်ပျော၊ ရခိုင်ငှက်ပျော၊ သရက်ကင်း၊ လက်ဖက်အစိုနှင့် အေး၍ဖန်သောအရသာရှိသည့်အစားအစာများသည် လေချုပ်စာများဖြစ်သည်။

ပန်းနာ၊ ရင်ကျပ်ကို အနောက်တိုင်းဆေးပညာတွင် အက်စမာ (Asthma)ဟုခေါ်သည်။ အဆုတ်အတွင်းရှိ လေအိတ်လေးများထဲသို့ လေမဝင်နိုင်အောင် အချွဲနှင့်အရည်များက ပိတ်ဆို့ထားသဖြင့် အောက်ဆီဂျင်ပြတ်ကာ အမောဖောက်သည့်ရောဂါမျိုးဖြစ်သည်။ အဆိုပါရောဂါမျိုးကို ဆေးရုံများတွင် အောက်ဆီဂျင်ပေး၍ အရေးပေါ်ကုသကြသည်။

လေနာရောဂါခံစားရသူများအတွက် လေမျိုး (၈၀) ဆေးနည်းအဖြစ် ဖာလာ ၈ ပဲ၊ လေးညှင်း ၁၂ ပဲ၊ ကွက္ကရာ ၁၂ ပဲ၊ ပရုတ် ၃ ကျပ် ၄ ပဲ၊ နွယ်ချို ၅ ကျပ် ၈ ပဲ၊ ဇဝက်သာ ၆ ကျပ် ၈ ပဲ၊ ဆားပုပ် ၆ ကျပ် ၄ ပဲ၊ သိန္ဓော ၂၅ ကျပ်သား ရောစပ်၍ ဆေးတစ်ခွက်စာလျှင် မန်ကျည်းစေ့သုံးစေ့ခန့် သောက်သုံးနိုင်သည်။

လေနာအမျိုးမျိုးနှင့် ဝမ်းချုပ်၊ လေချုပ်ခြင်းဖြစ်ပါက ရှောက်ရည်ဖြင့် ဖျော်စပ်သောက်နိုင်သည်။ သာမန်လေချုပ်ခြင်းကို လျက်ဆားလျက်သကဲ့သို့ အစာစားပြီးတိုင်း လျက်ပေးလျှင် အစာကြေစေနိုင်သည်။ သွေးတိုးရောဂါရှိသူများအတွက် ဆားပုပ်မထည့်ဘဲ ကျန်ဆေးအမယ်များဖြင့်သာ ဖော်စပ်နိုင်သည်။ လေမျိုး (၈၀) ဆေးကို ဝမ်းသွားစေရန်အတွက် ဖော်စပ်လိုလျှင် ဆားခါးထည့်ပြီး ဖော်စပ်နိုင်သည်။

အစာကြေလေပုပ်ထုတ်ဆေးအတွက် ဆေးနည်းအဖြစ် ဇာတိပ္ဖိုလ်သီး ၅ ကျပ်သား၊ စရိ ၅ ကျပ်သား၊ စမုန်နက် ၅ ကျပ်သား၊ ကြစု ၅ ကျပ်သား၊ ပိတ်ချင်းသီး ၅ ကျပ်သား၊ သိန္ဓော ၅ ကျပ်သား၊ နွယ်ချို ၃၀ ကျပ်သား၊ ကြက်သွန်ဖြူ ၆၀ ကျပ်သားတို့ဖြင့် ဖော်စပ်နိုင်သည်။

ဆေးဖော်ရာတွင် ကြက်သွန်ဖြူကိုအခြောက်လှန်းပြီး စက်ဖြင့်ကြိတ်ထည့်လေ့ရှိကြသည်။ ပရဆေးဆိုင်များတွင် ကြက်သွန်ဖြူခြောက်များ အဆင်သင့်ဝယ်ယူရရှိနိုင်သည်။ တချို့ဆေးဆရာကြီးများမှာ

> **"ပန်းနာရောဂါသည် လေစာနှင့်သလိပ်စာနှစ်မျိုးပေါင်း၍ ပိတ်ဆို့သောကြောင့်ဖြစ်သည်ဆိုသော်လည်း တချို့တွင် ဓာတ်မတည့်သော ပန်းရနံ့ကို ရှူရှိုက်မိရုံဖြင့် ပန်းနာ၊ ရင်ကျပ်ရောဂါဖြစ်ရသည်ဟုလည်း လေ့လာသူများက တွေ့ရှိထားသည်။ ပန်းနံ့၊ ရေမွှေးနံ့၊ ဓာတ်ဆီနံ့ စသည်တို့ကြောင့် ပန်းနာရောဂါအခံရှိသူများတွင် ရောဂါပြန်ထလာသည်ကို တွေ့ရဖူးသည်. . ."**

အမှတ်စဉ် (၁)မှ (၇)အထိ ဆေးအမယ်များကို အမှုန့်ထောင်းကာ ကြက်သွန်ဖြူ ၆၀ ကျပ်သားကိုပြုတ်၍ အခွံများဖယ်ကာ ခြေပစ်လိုက်ပြီး အသင့်ထောင်းထားသော ဆေးမှုန့်များနှင့်ရောနယ်ကာ ခြောက်သွေ့အောင် နေပြန်လှန်းသည်။ ရရှိသောကြက်သွန်ဖြူနံ့ထောင်းနေသည့် ဆေးအခဲများကို ဆုံတွင်တစ်ဖန်ပြန်ထောင်း၍ အမှုန့်ပြုလုပ်သည်။

သုံးစွဲရမည့်ဆေးပမာဏမှာ လူကြီး ဆေးမှုန့် ၄ ပဲသား (ကော်ဖီဇွန်း နှစ်ဇွန်းခန့်)၊ ကလေး ဆေးမှုန့် ၂ ပဲသား (ကော်ဖီဇွန်း တစ်ဇွန်းခန့်) ရေကျက်အေးဖြင့် တစ်နေ့နှစ်ကြိမ် တိုက်ကျွေးနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ပန်းနာ၊ ရင်ကျပ်ရောဂါရှိသူများသည် ရာသီဥတုအကူးအပြောင်းများတွင် နွေးထွေးစွာဝတ်ဆင်နေထိုင်ပြီး ချိုဆိမ့်အီသောအစာများကို သင့်ရုံသာစားရမည့်အပြင် လေချုပ်စာများကိုလည်း သတိပြုရှောင်ကြဉ်သင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ကြည်လွင်မြင့်(မုဒြာ)**

---

# အပူငုပ်သော ဆောင်းဦးရာသီ

> **"ရေချိုးခြင်းနှင့်ရေသောက်ခြင်းကိစ္စတွင် ဆောင်းရာသီ၌ ရေချိုးခြင်းကိုလျှော့ပြီး ရေသောက်ခြင်းကို ပိုတိုးရမည်။ တစ်နေ့နှစ်ကြိမ် ရေချိုးလေ့ရှိသူများ တစ်ကြိမ်သာ ချိုးသင့်သည်။ နံနက်စောစောနှင့်ညအိပ်ရာဝင်ချိန် ရေချိုးခြင်းကိုရှောင်ကြဉ်သင့်သည် . . ."**

ဆောင်းဦးပေါက်ရာသီရောက်လာသည်နှင့် အပူငုပ်၍ဆိုးသည့် ချောင်းသံများကို ကြားလာရသည်။ လည်ချောင်းနာခြင်း၊ အသံဝင်ခြင်းနှင့်အတူ အပူအထက်ကန်၍ မျက်စိကျိန်း၊ မျက်စိနာခြင်းများလည်း ဖြစ်လေ့ရှိသည်။ ချွေးမထွက်သဖြင့် အသားပပ်ခြင်း၊ မျက်နှာတွင် နီရဲသောအဖုများထွက်ခြင်း၊ ဝမ်းတွင်းအပူများသဖြင့် သွေးဝမ်းပါခြင်းနှင့် ဝမ်းကိုက်ခြင်း စသည့်ရောဂါများဖြစ်တတ်သောရာသီဖြစ်သည်။

ပူလျှင်အအေးပေး၊ အေးလျှင်အပူပေးဟူသောကုထုံးအတိုင်း ဝမ်းတွင်းအပူနိုင်ရန် အပူသတ်ဆေး၊ အပူငြိမ်းဆေးပေးရမည့်ရာသီဖြစ်သည်။ ရောဂါဖြစ်မှ ဆေးစားသည်ထက် ကြိုတင်ကာကွယ်ခြင်းက ပိုကောင်းသည်။ ဆောင်းရာသီတွင် ကျန်းမာလိုလျှင် အပူငြိမ်းစေသည့်ဆေးတစ်မျိုးမျိုးကို နေ့စဉ်သောက်သုံးသင့်သည်။

ရေချိုးခြင်းနှင့်ရေသောက်ခြင်းကိစ္စတွင် ဆောင်းရာသီ၌ ရေချိုးခြင်းကိုလျှော့ပြီး ရေသောက်ခြင်းကို ပိုတိုးရမည်။ တစ်နေ့နှစ်ကြိမ်ရေချိုးလေ့ရှိသူများ တစ်ကြိမ်သာချိုးသင့်သည်။ နံနက်စောစောနှင့်ညအိပ်ရာဝင်ချိန် ရေချိုးခြင်းကိုရှောင်ကြဉ်သင့်သည်။ နေထန်းတစ်ဖျားရှိချိန်မှ နေမွန်းတည့်ချိန်အတွင်းသာ ရေချိုးသင့်သည်ဟု ရှေးလူကြီးများပြောခဲ့ကြသည်ကို မှတ်သားသင့်သည်။ ဆောင်းဦးရာသီတွင် အအေးပတ်ခြင်းကြောင့် သွေးကြောများကျုံ့ပြီး သွေးတိုးကာ လေဖြတ်သူများ တွေ့ရလေ့ရှိသည်။

လေ့ကျင့်ခန်းပြုလုပ်သူများမှလွဲ၍ ချွေးမထွက်သောရာသီဖြစ်သောကြောင့် ဝမ်းတွင်းတွင်အပူများသည်။ အပူသည် ကိုယ်တွင်း၌ငုပ်နေသည်ဟုဆိုသည်။ အပူကန်စေသောအစာများ ဥပမာ– ဒူးရင်းသီး၊ အုန်းနို့၊ ဒံပေါက်ထမင်း စသည်တို့ကို အလွန်အကျွံမစားသင့်ပေ။ အပူကန်ပြီး ယားယံခြင်း၊ အပူဖုများထွက်ခြင်းတို့ဖြစ်လာနိုင်သည်။ ချိုသောအစာ၊ အေးသောအစာ၊ အေးသောဆေးတို့ကို စားသုံးခြင်းဖြင့် ကျန်းမာစေနိုင်သည်။

ဆောင်းရာသီအပူသတ်စေရန် ဇာတိပ္ဖိုလ်သီး ၈ ပဲ၊ ပန်းနု ၈ ပဲ၊ ပန်းမ ၈ ပဲ၊ တကြွသင်္ချော ၈ ပဲ၊ ဇီရာ ၈ ပဲ၊ ဆေးပုစွန်တုပ် ၈ ပဲ၊ ဖာလာ ၈ ပဲ၊ ရိုးတုန် ၈ ပဲ၊ ချောင်းကြား ၈ ပဲ၊ ဒန္တကူးဖြူ ၈ ပဲ၊ စေးမခန်း ၈ ပဲ၊ လေးညှင်း ၈ ပဲ၊ ကြံ့သွေး ၈ ပဲ၊ ဒန္တကူးနီ ၄ ကျပ် ၈ ပဲ၊ နံ့သာဖြူ ၄ ကျပ် ၈ ပဲ၊ နံ့သာနီ ၅ ကျပ်သား၊ နွယ်ချို ၅ ကျပ်သား၊ ကံ့ကော်ဝတ်ဆံ ၅ ကျပ်သား၊ သကြားခဲ ၅ ကျပ်သား ရောစပ်၍ သောက်သုံးနိုင်သည်။

ယင်းဆေးကို ဝမ်းတွင်းအပူများသူ၊ အပူကန်သူ၊ အိပ်မပျော်သူ၊ မူးဝေရင်တုန်ခြင်းများ၊ မောပန်းသူ၊ ဓမ္မတာသွေးလွန်သူများနှင့် မီးယပ်ဖြူဆင်းသူများ သောက်သုံးနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

---

# ငဖဲမြို့နယ်၌ မဲရုံမှူးနှင့် မဲပေးစက်ကိုင်သူများအား ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်

ငဖဲ ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲရုံမှူးနှင့် မြန်မာအီလက်ထရွန်နစ် မဲပေးစက် (MEVM) စက်ကိုင်သူများအား ရွေးကောက်ပွဲဆိုင်ရာ မွမ်းမံသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာလ ၂၉ ရက်တွင် ငဖဲမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သောင်းက ဒီဇင်ဘာလဆန်းပိုင်းတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်ပြီးဖြစ်သော်လည်း ငဖဲမြို့နယ်အနေဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက် နီးကပ်လာပြီဖြစ်၍ လုပ်ငန်းများ အမှားအယွင်းမရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးမင်းသီဟသန်းက မဲရုံမှူးနှင့် မဲပေးစက်ကိုင်သူများအနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာလိုက်နာကျင့်သုံးဆောင်ရွက်ကြရန် ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးမင်းသီဟသန်းတို့က မဲရုံမှူးနှင့် မဲပေးစက်ကိုင်သူ ၂၅၀ ဦးအား ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲပေးစက်ဆိုင်ရာအကြောင်းအရာများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်ဆိုင်ရာ အကြောင်းအရာများကို ဒီဇင်ဘာလ ၂၉ ရက်မှ ၃၁ ရက်အထိ စာတွေ့လက်တွေ့ ဆွေးနွေးပို့ချလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

# ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)နှင့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)တို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့် အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ရုံးတွင် လက်ရှိကျင့်သုံးနေသည့် ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်း ဝယ်ရေးဥပဒေ(၂၀၁၃)တွင်ပြဋ္ဌာန်းပါရှိသည့် အချို့စကားရပ်များသည် ခေတ်ကာလ အခြေအနေနှင့် ဆီလျော်မှုမရှိခြင်းနှင့် International Organization of Securities Commission- IOSCO သို့ဝင်ရောက်နိုင်ရေး အတွက် စံသတ်မှတ်ချက်ပြည့်မီရန် လိုအပ် ချက်အရ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ(၂၀၁၃)ကို ပြင်ဆင်လိုခြင်းဖြစ်ကြောင်း ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများ က ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင် သည့်ဥပဒေတွင်ပါဝင်သည့် အကြောင်းအရာ များကို ပုဒ်မအလိုက် တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ငွေချေးသက်သေခံလက်မှတ် များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို လက်ရှိအခြေအနေများနှင့်လိုက်လျောညီထွေ မှုရှိစေရေးအတွက်ပြင်ဆင်သည့်အချက်များ သည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက် စေရေးနှင့် နိုင်ငံတကာငွေချေးသက်သေခံ လက်မှတ်ကော်မရှင်များအဖွဲ့(IOSCO) သို့ မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်နိုင်ရေး အတွက် စံသတ်မှတ်ချက်ပြည့်မီရန် လိုအပ် ချက်များကို အထောက်အကူပြုနိုင်ရန် အလို့ငှာ ဦးစားပေးပြင်ဆင်ပြဋ္ဌာန်းသင့် သောဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိ ရသဖြင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင် သည့် ဥပဒေ(မူကြမ်း)ကို ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အတွက် အပြီးသတ်ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဥပဒေ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဆက်သွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ်က အဖွင့် အမှာစကားပြောကြားပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး က ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဆက်သွယ်ရေး ဥပဒေကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီသော ကွန်ရက်အထောက်အကူပြုပစ္စည်းသို့မဟုတ် ဆက်သွယ်ရေးပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းနိုင်စေရေးအတွက် ထောက်ခံချက် ပေးရာတွင် ပါဝင်စေရန်ဖြည့်စွက်လိုခြင်း နှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူ ရာတွင် ဒဏ်ကြေးငွေတပ်ရိုက်ခြင်းကို ထည့်သွင်းဖော်ပြလိုခြင်းတို့ကြောင့်ဥပဒေကို ပြင်ဆင်လိုကြောင်း စိစစ်တွေ့ရှိရပြီး လက်ရှိအခြေအနေများနှင့် လိုက်လျော ညီထွေမှုရှိစေရေး ပြင်ဆင်သင့်သောအချက် များဖြစ်၍ ဦးစားပေးပြင်ဆင်ပြဋ္ဌာန်းသင့် သောဥပဒေဖြစ်ကြောင်း သုံးသပ်တွေ့ရှိရ သဖြင့် ဆက်သွယ်ရေးဥပဒေကို ပြင်ဆင် သည့်ဥပဒေ(မူကြမ်း)ကို ပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၆ ရက်နေ့ ၀၄၀၀ အချိန်တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၆ ရက်နေ့ ၀၄၀၀ အချိန်တွင် အလံတင် အခမ်းအနား ၀၇၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုအခမ်းအနားနှင့်လွတ်လပ် ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားကို ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ် သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်း ကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင် လာသောယာဉ်များသည် မြေနီကုန်းတံတားအောက် ရှင်စောပုလမ်းသို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင် လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက် မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါနိုင်ငံ သံအမတ်ကြီးအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် လက်ခံတွေ့ဆုံ



**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမျိုးလှိုင်သည် ဟန္နိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါ နိုင်ငံ သံအမတ်ကြီး H.E. Mr. Mario Jose Armengol Campos အား ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw Hotel ပုဂံဆောင်ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁) အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့မှု နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နီကာ ရာဂွါနိုင်ငံ သံအမတ်ကြီးက ရွေးကောက်ပွဲ တွင် လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်နေမှုတို့ကို လေ့လာခွင့်ရရှိခဲ့ပြီး နွေးထွေးပျူငှာစွာ ဧည့်ဝတ်ကျေပွန်မှုများ အတွက် ကျေးဇူးတင်ရှိကြောင်းပြောကြား ပြီး သိရှိလိုသည်များကို မေးမြန်းရာ ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် က ရှင်းနှီးပွင့်လင်းစွာဆွေးနွေးဖြေကြား သည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့်အတူ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိ သူများ တက်ရောက်ကြကြောင်း သိရ သည်။

**မြဝတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များ နှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်ဖျက်တွေမျှော်လင့်သလိုဖြစ်မလာခဲ့သော ဒီမိုကရေစီရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ၃၁-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၇-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို ဖမ်းဆီးငွေညှစ် ဓားပြတိုက်နေတဲ့ PDF ဓားပြအကြမ်းဖက်အဖွဲ့"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များ အား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ထူးခြားသည့် ညအပူချိန်များ

၂၉-၁၂-၂၀၂၅

| | | | | |
|---|---|---|---|---|
| ဟဲဟိုး | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၃ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်ကော် | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# တရားမ အထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေး နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချင်းတွင်းလမ်းရှိဧယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ် (၁) ၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍တရားမအထူးအယူခံမှုအမှတ် ၂၁/၂၀၂၅(မကွေး)၊၃၅/၂၀၂၅ (ဧရာဝတီ)၊ ၃၆/၂၀၂၅ (မကွေး)၊ ၃၉/၂၀၂၅ (ရန်ကုန်)၊ ၄၀/၂၀၂၅ (မန္တလေး)၊ ၄၄/၂၀၂၅ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၉/၂၀၂၅ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၃၈/၂၀၂၅ (မန္တလေး)၊ ၄၁/၂၀၂၅ (ပဲခူး)၊ ၄၇/၂၀၂၅ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁)မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်းသိရသည်။

မြဝတီ

# အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရန်ကုန်မြို့၌ (၃၈)ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုခံယူသော အသည်းလှူနာနှင့်အသည်းအလှူရှင်များကြည့်ရှုအားပေး



**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (ခုတင်-၅၀၀) အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့သို့ သွားရောက်၍ အောင်မြင်စွာဆောင်ရွက်ခဲ့သည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော အသည်းလှူနာနှင့်အသည်းအလှူရှင်လေးဦးတို့ကို ကြည့်ရှုစစ်ဆေး၍ အစားအသောက်လက်ဆောင်ခြင်းများ ချီးမြှင့်ပေးအပ်သည်။



အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ ရန်ကုန်မြို့၌ ဒီဇင်ဘာလ ၂၀ ရက်တွင် (၃၈)ကြိမ်မြောက်အသည်းအစားထိုးခွဲစိတ်ကုသမှုအဖြစ် ပြည်မြို့တွင်နေထိုင်သည့် အသက် ၄၉ နှစ်ရှိ အသည်းလှူနာ အမျိုးသားနှင့် အသက် ၃၉ နှစ်ရှိ အသည်းအလှူရှင် အမျိုးသမီး မောင်နှမဝမ်းကွဲတို့ကိုလည်းကောင်း၊ ဒီဇင်ဘာလ ၂၁ ရက်တွင် (၃၉)ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သူ အသက်၅၈ နှစ်ရှိအသည်းလှူနာအမျိုးသမီးနှင့် အသက် ၂၅ နှစ်ရှိ အသည်းအလှူရှင် အမျိုးသား သားအမိတို့ကိုလည်းကောင်း အောင်မြင်စွာခွဲစိတ်ကုသနိုင်ခဲ့ပြီး အသည်းအလှူရှင်များနှင့် အသည်းလက်ခံသူလူနာများမှာ ကျန်းမာရေးတိုးတက်ကောင်းမွန်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည်အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) (၆)ထပ်ဆောင်၌ အသည်းအစားထိုးခွဲစိတ်ကုသမှုတွင်ပါဝင်ခဲ့သော လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဆေးရုံကြီးတွင် ပုံမှန်ဆောင်ရွက်လျက်ရှိသည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုတွင် ပါဝင်သော တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြည်တွင်း၌ အသည်းအစားထိုးနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူများအနေဖြင့် ပြည်ပသို့သွားရောက်ကုသရမည့် ကုန်ကျစရိတ်များသက်သာစေခြင်း၊ ပြည်သူ့ဆေးရုံများတွင်ဝန်ဆောင်မှုပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီမှ စိုက်ထုတ်သုံးစွဲရငွေ လျှော့ကျစေမည်ဖြစ်ကြောင်းနှင့် အသည်းအစားထိုးနှင့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများ ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်နိုင်ရေးမှာကြားသည်။

ထို့နောက် အသည်းအစားထိုးကုသမှု အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပါဝင်ခဲ့ကြသည့် အသည်းအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ အထောက်အကူပြုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဒီဇင်ဘာ ၂၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ရှိ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ဟိုတယ်များလုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။

ကြည့်ရှုစဉ် ဟိုတယ်များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အခန်းတွင်း၊ အခန်းပြင်ခင်းကျင်းထားရှိမှု၊ လုပ်ငန်းတိုးတက်မှုနှင့် ဧည့်သည်များ လာရောက်တည်းခိုမှု၊ ဧည့်သည်များ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် မိမိတို့ဟိုတယ်များသို့ လာရောက်တည်းခိုနေထိုင်ကြမည့်ဧည့်သည်များကို အဆင့်အတန်းမီသော ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုများ ပေးနိုင်ရန် စဉ်ဆက်မပြတ်ကြိုးစားကြရေး၊ ဟိုတယ်များသို့ ဧည့်သည်များပိုမိုလာရောက်တည်းခိုကြစေရေးအတွက် ဈေးကွက်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းယားလိတ်ဟိုတယ်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းအနေဖြင့် ခရီးသွားပြပွဲများစီစဉ်ကျင်းပပြုလုပ်ခြင်းသည် မြန်မာနိုင်ငံအား နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းရှင်များသိရှိပြီး Package Tour များ၊ ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြစေရေးအတွက် အထောက်အပံ့ကောင်းများ စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အဓိကခရီးစဉ်ဒေသကြီးများသာမက အလားအလာရှိသည့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်မြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပခရီးသွားပြပွဲများ၌ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ခင်းကျင်းပြသနေမှု၊ ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်များ စီစဉ်ဆောင်ရွက်နေမှု၊ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ကြစေရေးအတွက် ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာနေမှု၊ ခရီးသွားပြပွဲများ(UMTA Travel Fair 2026) ကျင်းပသွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး(၂၀၂၅) ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၉

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၂၀၂၅)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပ သည်။

အစည်းအဝေးသို့ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်း အဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး များ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိ ကြီးများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက အကြမ်းဖက်မှုသည် နိုင်ငံရေး၊ လူမှုရေးနှင့် နည်းပညာဆိုင်ရာပြောင်းလဲမှု များနှင့်အတူ ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲ လာနေကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုအညွှန်းကိန်း (Global Terrorism Index-GTI) အစီရင်ခံစာအရ အကြမ်းဖက်မှုပုံသဏ္ဌာန်သည် သမားရိုးကျ နည်းလမ်းများမှ နည်းပညာမြင့်မားသည့် Hybrid ပုံစံသို့ ကူးပြောင်းလာနေကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ Non-State Actor များသည် Drone များကို ပိုမိုအသုံးပြုလာကြောင်း၊ မိမိနိုင်ငံတွင်လည်း အကြမ်းဖက်အဖွဲ့ အစည်းများသည် Drone နည်းပညာဖြင့် အရပ်သားပစ်မှတ်များကို တိုက်ခိုက်ခြင်း၊ အခြေခံအဆောက်အဦများကိုဖျက်ဆီးခြင်း တို့လုပ်ဆောင်နေသည့်အပြင် ဆိုက်ဘာ နယ်ပယ်ကိုအသုံးပြု၍ ဝါဒဖြန့်ခြင်း၊ ရန်ပုံငွေရှာခြင်းတို့ကိုလည်း ပိုမိုလုပ်ဆောင် လာကြကြောင်း။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အကြမ်း ဖက်မှုတိုက်ဖျက်ရေးဥပဒေကို ရည်ရွယ်ချက် ငါးရပ်ဖြင့်ရေးဆွဲ၍ ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ အဆိုပါဥပဒေနှင့်အညီ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ကိုဖွဲ့စည်းပြီး တာဝန် နှင့်လုပ်ပိုင်ခွင့် ၁၉ ချက်ကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ သုံးရပ်နှင့် လုပ်ငန်းအဖွဲ့ ငါးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့ကို ဆန့်ကျင်ရှုတ်ချသူများကိုသာမက မထောက်ခံသူများ၊ အေးချမ်းစွာနေထိုင်လို သူများကိုလည်း ရန်သူအဖြစ်သတ်မှတ်ပြီး လုပ်ကြံစွပ်စွဲ သတ်ဖြတ်ခဲ့ကြကြောင်း၊ သို့ဖြစ်၍ ရဟန်းသံဃာများ၊ သီလရှင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ပညာရေး၊ ကျန်းမာရေး၊ အထွေထွေအုပ်ချုပ်ရေး စသည်တို့အပါအဝင် ဌာနဆိုင်ရာဝန်ထမ်း များ၊ အမျိုးသမီးများနှင့်ကလေးငယ်များ အပါအဝင် သာမန်ပြည်သူများ ထောင်နှင့် ချီပြီး အသက်ဆုံးရှုံးခဲ့ရကြောင်း၊ ပြုစု ထားသောစာရင်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လ ၂၆ ရက်အထိ အကြမ်းဖက်တိုက်ခိုက်မှု များကြောင့် နိုင်ငံတစ်ဝန်းအဆောက်အအုံ နှင့်ပစ္စည်းများ စုစုပေါင်း ၇၅၉၈ ခု ပျက်စီး ဆုံးရှုံးခဲ့ပြီး အပြစ်မဲ့အရပ်သားများ၊ သံဃာ တော်များ၊ ကလေးသူငယ်များ၊ အုပ်ချုပ် ရေးဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရဝန်ထမ်း များ စုစုပေါင်း ၉၉၀၈ ဦး သေဆုံးခဲ့ကြောင်း နှင့် ၁၃၀၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း။

ကမ္ဘာတစ်ဝန်းရှိ အကြမ်းဖက်အဖွဲ့များ သည်မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လူကုန် ကူးခြင်းတို့အပါအဝင် တရားမဝင်လမ်း ကြောင်းများမှ ရန်ပုံငွေရှာဖွေကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Financial Action Task Force(FATF)၏ စောင့်ကြည့်မှုအောက်မှ လွတ်မြောက်နိုင်ရေးအတွက် အကြမ်းဖက်မှု အား ငွေကြေးထောက်ပံ့မှုကို တားဆီး တိုက်ဖျက်ရန်လိုအပ်ကြောင်း၊ မိမိတို့အနေ ဖြင့် ပြည်တွင်းဥပဒေများ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၇၃) နှင့် (၂၄၆၂) အပါအဝင် နိုင်ငံတကာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း။

အကြမ်းဖက် AA အဖွဲ့၏ မူးယစ်ဆေးဝါး ကုန်သွယ်မှုလုပ်ငန်းသည် ကြီးထွား ကျယ်ပြန့်နေပြီး မူးယစ်ဆေးထုတ်လုပ်ရန် ဓာတုဆေးဝါးမှောင်ခိုတင်သွင်းခြင်း၊ မူးယစ် ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ဆောင် သိုလှောင်ခြင်း၊ ပြည်တွင်း၌ဖြန့်ဖြူးခြင်း၊ ပြည်ပတင်ပို့ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း တို့ကို နိုင်ငံတကာမူးယစ်ရာဇဝတ်ဂိုဏ်းများနှင့် ချိတ်ဆက်လုပ်ဆောင်လျက်ရှိကြောင်း၊ AA အဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသော မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်အထိ ၂၄ ကြိမ်ရှိခဲ့ကြောင်းနှင့် AA ခေါင်းဆောင်ပိုင်းများကိုယ်တိုင် ပါဝင် ပတ်သက်ခဲ့သော အမှုကိုးမှုပါဝင်ကြောင်း၊ ထွက်ဆိုချက်များအရ အဖမ်းခံရသူများ သည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းချ ခြင်းကို ပုဂ္ဂလိကစီးပွားရေးအဖြစ်လုပ်ဆောင် နေခြင်းမဟုတ်ဘဲ AA အဖွဲ့အတွက် တာဝန် ပေးအပ်ခံရသဖြင့် လုပ်ဆောင်နေခြင်းဖြစ် သည်ဟုသိရှိရကြောင်း၊ မူးယစ်ဆေးဝါးမှ ရရှိသောအကျိုးအမြတ်များအနက် ၇၀ ရာခိုင်နှုန်းခန့်ကို လက်နက်ခဲယမ်းဝယ်ယူ ဖြည့်တင်းရာတွင် အသုံးပြုကြောင်း၊ ၎င်းတို့ သည် နိုင်ငံတကာလက်နက်မှောင်ခိုဂိုဏ်း များနှင့်ချိတ်ဆက်ပြီး လက်နက်ခဲယမ်းနှင့် စိတ်ကြွဆေးပြားလဲလှယ်ခြင်းအပါအဝင် ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်းစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း ကျူးလွန် နေသည်ကို တွေ့ရှိရကြောင်း။

အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ မူးယစ်ဆေးဝါးမှု၊ ငွေကြေးခဝါချမှုနှင့် လူကုန်ကူးမှုတို့သည် တစ်ခုနှင့်တစ်ခု အပြန် အလှန်ချိတ်ဆက်နေကြောင်း၊ ၂၀၂၅ ခုနှစ် ၏ နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်စဉ်များ အရ အကြမ်းဖက်အဖွဲ့များသည် ၎င်းတို့၏ စစ်ဆင်ရေးစရိတ်နှင့် လက်နက်ဝယ်ယူရန် ငွေကြေးကို မူးယစ်ဆေးဝါးရောင်းဝယ်မှုမှ အဓိကရရှိကြခြင်းဖြစ်ကြောင်း၊ မူးယစ် ဆေးဝါးနှင့် လူကုန်ကူးမှုမှရရှိသောငွေများ ကို Cryptocurrency အပါအဝင် နည်းလမ်း မျိုးစုံဖြင့် ခြေရာဖျောက်ခဝါချပြီးနောက် အဆိုပါငွေများအား အကြမ်းဖက်လုပ်ငန်း များတွင် ပြန်လည်အသုံးပြုခြင်းဖြစ်ကြောင်း၊ အဆိုပါမှုခင်းများသည် နယ်စပ်ဖြတ် ကျော်ချိတ်ဆက်နေခြင်းဖြစ်သဖြင့် ဒေသ တွင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ် ကြောင်း၊ အကြမ်းဖက်မှုအပါအဝင် နိုင်ငံ ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များ၏ အဓိကသော့ချက်သည် သတင်းအချက်အလက်မျှဝေခြင်းနှင့် ဥပဒေ ကြောင်းအရ အပြန်အလှန်အကူအညီပေး ခြင်းတို့ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်း ချင်းအကူအညီပေးရေးဥပဒေကို ပြဋ္ဌာန်း ထားရှိပြီး ဥပဒေနှင့်အညီ ဗဟိုအဖွဲ့ကို လည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်သော ဗဟိုအဖွဲ့များ အနေဖြင့် အပြန်အလှန်ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် နိုင်ငံ တကာပူးပေါင်းဆောင်ရွက်ရေးသည် မဖြစ် မနေ ဆောင်ရွက်ရန် လိုအပ်သည့်အချက် ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံချင်းစီ၏ သီးခြားဆောင်ရွက်ချက်များသည် နယ်စပ် ဒေသ၌ ရပ်တန့်သွားနိုင်သော်လည်း နိုင်ငံ တကာပူးပေါင်းဆောင်ရွက်မှုသည် အကြမ်း ဖက်သမားများအတွက် မည်သည့်နေရာမှ ခိုလှုံရာမရှိစေရန် ဖန်တီးပေးနိုင်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံ တကာပူးပေါင်းဆောင်ရွက်မှုများတွင် သတင်းအချက်အလက်များမျှဝေခြင်း၊ တရားဥပဒေစိုးမိုးရေးလုပ်ဆောင်ချက် များကို ညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြမ်း ဖက်မှု၏ မူလဇစ်မြစ်ကို ဖြေရှင်းရန် အတူ တကွလုပ်ဆောင်ခြင်းတို့ ပါဝင်နေကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စု များနှင့်စပ်လျဉ်းပြီး INTERPOL ၊ ASEANAPOL တို့နှင့်တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

ကုလသမဂ္ဂပဋိညာဉ်၊ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ ကုလသမဂ္ဂ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆိုင်ရာမဟာဗျူဟာ၊ အာဆီယံအကြမ်း ဖက်မှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၊ ဘင်းမ် စတက်ကွန်ဗင်းရှင်းစသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာမူဘောင် များအပေါ်အခြေခံ၍ "အကြမ်းဖက်မှု၊ အစွန်းရောက်အကြမ်းဖက်ဝါဒနှင့် အစွန်း ရောက်မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသား အဆင့်မူဝါဒရေးရာလမ်းညွှန်ချက်(မူကြမ်း)" ကိုရေးဆွဲပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ မူဝါဒရေးရာလမ်းညွှန်ချက်ကိုအခြေခံ၍ အမျိုးသားအဆင့် အကြမ်းဖက်မှုတိုက်ဖျက် ရေးမဟာဗျူဟာကိုရေးဆွဲသွားရန် စီစဉ် ဆောင်ရွက်လျက်ရှိသည့်အတွက် အဖွဲ့ဝင် များက သဘောထားမှတ်ချက်နှင့် အကြံပြု ချက်များအား ဆွေးနွေးပေးပို့ကြရန် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ လက်ရှိဖြစ်ပေါ်လျက် ရှိသောအကြမ်းဖက်မှုများ၊ မှတ်တမ်းတင် ပေးရန်ကိစ္စရပ်များ၊ အတည်ပြုပေးရန် ကိစ္စရပ်များ၊ အမျိုးသားအဆင့် အကြမ်း ဖက်မှုတိုက်ဖျက်ရေးမဟာဗျူဟာဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့ အတွင်း ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ နှင့် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများက ကဏ္ဍ အလိုက် တင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များနှင့် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နိဂုံးချုပ်မှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ရေကြည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

ရေကြည် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့် အလမ်းရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမို တွင်ကျယ်စွာလုပ်ကိုင်နိုင်စေရန်နှင့် အသေးစား စီးပွားရေးလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက် အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယမန်နေ့ က ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ရေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး မှူး ဒေါ်သန်းသန်းဆွေက သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိသောအတတ်ပညာများကို ပြန်လည် အသုံးချစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာ တွင် ငွေကြေးအခက်အခဲရှိပါက မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေရယူနိုင်ကြောင်း၊ မိမိတို့တတ်မြောက် ထားသောပညာရပ်များဖြင့် လုပ်ငန်းများဆောင်ရွက် ရာတွင် နားမလည်မှုများရှိခဲ့လျှင် သင်တန်းနည်းပြ ဆရာများထံ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်လာရောက် ၍ဖြစ်စေ အကူအညီတောင်းခံနိုင်ကြောင်း ပြောကြား သည်။

ထို့နောက် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းသူများအား ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ် များအား သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရ သည်။ **ဇင်မာ**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်



ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်စဉ်။



ရန်ကုန်တိုင်း စစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့ စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၇)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးသိန်းအောင်က ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



တြိဂံဒေသတိုင်း စစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၉

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီး ပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေး ပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင်သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်းသိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် **စာမျက်နှာ ၁၃ သို့** ❑

❑ စာမျက်နှာ ၁၂ မှအဆက်

နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork) ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီးက ဆုရရှိသည့်သင်တန်းသားအား ဆုချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲကျင်းပစဉ်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)တွင်တက်ရောက်ခဲ့ရသည့်အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်-

"လာရောက်တက်ဖြစ်တာကတော့ မိဘတွေလည်း သဘောတူညီမှုရှိပါတယ်။ ကျွန်တော့်စိတ်ဆန္ဒတစ်ခုကြောင့်လည်း တက်ရောက်ဖြစ်ခဲ့တာဖြစ်ပါတယ်။ အခုလို သင်တန်းကြီးပြီးဆုံးသွားပြီဆိုတော့ ပီတိလည်းဖြစ်ပါတယ်။ အရမ်းလည်း ကျေနပ်အားရပါတယ်။ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မယ့် တပ်မတော်သားတစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်" ဟုပြောသည်။

"သင်တန်းဆင်းရတာ ပျော်တော့ပျော်ပါတယ်။ ဒါပေမဲ့ ခွဲခွာရတဲ့အချိန်ကျ တစ်ယောက်နဲ့တစ်ယောက် ဝမ်းနည်းမိတယ်။ ဘယ်လိုသင်ခန်းစာတွေရလဲဆိုတော့ ကြုံတွေ့ရတဲ့အချိန်မှာတော့ ကျွန်တော်သဘောကျပါတယ်။ Uniform ဝတ်တာအစ သဘောကျပါတယ်။ ကျွန်တော်လည်း စစ်သားကောင်းတစ်ယောက်ပီသစွာနေထိုင်ကျင့်ကြံမယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ စစ်သားဆိုတာတော့ ကျရာနေရာမှာ တာဝန်ကျေပွန်အောင်ထမ်းဆောင်ရမယ်။ ဒီနေရာမသွားနဲ့ဆို မသွားရဘူး။ ဒီနေရာသွားဆိုသွားမယ်၊ ဒါလုပ်ဆိုလုပ်လိုက်မယ်။ ဒါမလုပ်နဲ့ဆို မလုပ်ဘူး။ စစ်သားကောင်းတစ်ယောက် ပီသစွာနေထိုင်မယ်လို့ ကျွန်တော်ခံယူထားပါတယ်"ဟုပြောသည်။





ထို့နောက် ညပိုင်းတွင်သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၇)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျခဲ့သည့် ရခိုင်ယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်



နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀) ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ရခိုင်ယူနိုက်တက်အသင်းနှင့်ရောဝတီယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြင့် ပြီးဆုံးခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် အဆင့်(၉)နေရာတွင်ရပ်တည်နေသည့်အသင်းဖြစ်ပြီး ကိုးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ ခြောက်ပွဲရှုံးဖြင့် ရမှတ်ကိုးမှတ်ရရှိထားသည်။ ရောဝတီယူနိုက်တက်အသင်းသည် အဆင့်(၇)နေရာတွင်ရပ်တည်နေသည့် အသင်းဖြစ်ပြီး ကိုးပွဲကစားပြီးချိန်တွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးဖြင့် ရမှတ် ၁၁ မှတ်ရရှိထားသည့်အသင်းဖြစ်သည်။

သူတို့နှစ်သင်း ယနေ့တွေ့ဆုံမှုတွင် ပထမပိုင်းပွဲစသည်နှင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် တိုက်စစ်များဖြင့် ဂိုးခြိမ်းခြောက်မှုများပြုလုပ်ခဲ့ကြသော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်းမရှိခဲ့ကြပေ။ ရောဝတီအသင်းဘောလုံးပိုင်ဆိုင်မှုအသာစီးရှိသော်လည်း ပထမပိုင်းပွဲပြီးသည်အထိ ရခိုင်အသင်းနောက်တန်းခံစစ်ကို ထိရောက်စွာကျော်လွှားနိုင်ခြင်းမရှိသလို ရခိုင်အသင်းသည်လည်း ခံစစ်အသွင်ထိန်းကစားကာ တန်ပြန်တိုက်စစ်မှရရှိသည့် ဘောလုံးအား ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့၍ ဂိုးမရှိသရေဖြင့်သာ ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းဂိုးရရှိရေး တိုက်စစ်ဆင်ကစားလာ၍ ပထမပိုင်းထက် ကြည့်ကောင်းလာသည်။ နှစ်ဖက်ဂိုးဧရိယာအတွင်း ဝင်ရောက်ထိုးဖောက်မှုများရှိခဲ့ရာ ပွဲကစားချိန် ၆၁ မိနစ်တွင် ဇင်မင်းထွန်းက ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။ လက်ကျန်အချိန်များအား အကြိတ်အနယ်ဆက်လက်ယှဉ်ပြိုင်ကြရာ ပွဲကစားချိန် ၇၅ မိနစ်တွင် ဟိန်းထက်အောင်က ရောဝတီအသင်းအတွက် ချေပဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျကာ ပြိုင်ပွဲပြီးဆုံးသွားသည်။

ပွဲစဉ်(၁၀)ပြိုင်ပွဲတစ်ပွဲဖြစ်သည့် ISPE အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင်သန်လျင်မြို့ရှိသီဟဒီပဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ISPE အသင်းက ၅ ဂိုး ၂ ဂိုးဖြင့် ရာမညယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံ

❍ ကျောဖုံးမှအဆက်

နံနက် ၉ နာရီ နှင့်မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက်နှစ်ကြိမ် အသွား/အပြန် ပြေးဆွဲပေးခဲ့သည်။

ရထားစီးနင်းမှုအနေဖြင့် ဒီဇင်ဘာလ ၂၅ ရက်တွင် ပြည်နယ်ဆည်မြောင်းရုံးမှ ဝန်ထမ်းနှင့် မိသားစုများ၊ နမ့်စန်မြို့သူမြို့သားများ၊ ရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ ကမ္ဘောဇဘဏ်ဝန်ထမ်းမိသားစုများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး နှစ်ခေါက်ပေါင်း ခရီးသည် ရိုးရိုးတန်း ၃၇၂ ဦး၊ အထက်တန်း ၁၂၀ ဦး စုစုပေါင်း ၄၉၂ ဦး၊ ဒီဇင်ဘာလ ၂၆ ရက်တွင် လွယ်ကောင်းရွာနှင့် ပလီလင်းရွာအဖွဲ့တို့မှ အဖွဲ့ဝင်မိသားစုများ၊ စဝ်စံထွန်းဆေးရုံဝန်ထမ်းများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်း ၆၀ ဦး စုစုပေါင်း ၂၄၆ ဦး၊ ဒီဇင်ဘာလ ၂၇ ရက်တွင် Zumbar စက်ဘီးစီးအဖွဲ့များ၊ ပြည်နယ်စည်ပင်ရုံးဝန်ထမ်းမိသားစုများ၊ ရန်ကုန်မြို့မှခရီးသွားဧည့်သည်များ၊ တောင်ကြီးမြို့ ကန်ကြီးရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး နှစ်ခေါက်ပေါင်း ခရီးသည်ရိုးရိုးတန်း ၃၅၇ ဦး၊ အထက်တန်း ၁၂၀ ဦး စုစုပေါင်း ၄၇၇ ဦးနှင့် ဒီဇင်ဘာလ ၂၈ ရက်တွင် ပြင်ပအင်္ဂလိပ်စာသင်တန်းကျောင်းမှကျောင်းသား၊ကျောင်းသူများ၊ အမှတ်(၅)ဈေးသူဈေးသားများနှင့် ကျန်ခရီးသည်များလိုက်ပါကြပြီး ရိုးရိုးတန်းခရီးသည် ၁၈၆ ဦး၊ အထက်တန်း ၆၀ ဦး စုစုပေါင်း ၂၄၆ ဦးဖြစ်ကြောင်းသိရသည်။

တောင်ကြီး-ပေါမူခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင်ကွာဝေး၍ ပြေးဆွဲချိန် ၁ နာရီခွဲခန့်ကြာမြင့်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာကာ လမ်းခရီးတွင် ဘာဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးခဲ့ပြီး ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးခဲ့ပြီး ပေါမူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ ထို့အတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီးဘူတာသို့ ညနေ ၅ နာရီပြန်လည်ရောက်ရှိကြောင်းသိရသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း သုံးတွဲ၊ ရိုးရိုးတန်းနှစ်တွဲနှင့် ရထားထိန်းတွဲတစ်တွဲဖြစ်ပြီး တောင်ကြီး-ပေါမူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမူ အသွား/အပြန်ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှု လုပ်ငန်းများမှ ရထားအဆိုင်းလိုက်တစ်စင်းလုံးငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ မြဝတီ

## မြဝတီရုပ်မြင်သံကြား အစီအစဉ်
၃၀-၁၂-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၀:၀၀ စိုက်ပျိုးသုတ
၅။ ၁၄:၀၀ Sharing Knowledge
၆။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၇။ ၁၇:၀၀ **မြဝတီရုပ်မြင်သံကြားသတင်း**
၈။ ၁၇:၃၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၉။ ၁၉:၀၀ CGTN Nature အပိုင်း(၁၁)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ကျင်းပပြီးစီးခဲ့သည့် အပိုင်း (၁) ရွေးကောက်ပွဲသို့လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြုအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသော ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲလာရောက် စောင့်ကြည့်လေ့လာခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံတကာရေးရာဌာနမှ Ms. Chen Xuanbo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Yerman Mukhtar ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. YICH Samethy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေးအကြီးအကဲ Mr. Nguyen Duc Thinh ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့၊ နီကာရာဂွါနိုင်ငံမှ Mr. Mario Jose Armengol Campos ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဂျပန်-မြန်မာအသင်းမှ Mr. Yusuke WATANABE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမှ လာရောက်လေ့လာမှုအတွက် ဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးခေါ်ယူဖွဲ့စည်းနိုင်ရန်နှင့် လွှတ်တော်မှတစ်ဆင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ၊ သမ္မတမှတာဝန်ပေးအပ်သည့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြင့် အစိုးရအဖွဲ့တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးပါကြောင်း။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးပါသည့် မှတ်တိုင်တစ်ခုဖြစ်ပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ် မှန်ကန်မှု၊ ဂုဏ်သိက္ခာရှိမှု၊ ယုံကြည်စိတ်ချရမှုတို့အတွက် စောင့်ကြည့်လေ့လာသူများအဖြစ် ပါဝင်ခဲ့ကြသည့် အဆွေတော်တို့၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါကြောင်း၊ အဆွေတော်တို့၏ပါဝင်မှုသည် ဒီမိုကရေစီလုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုတို့၏အရေးပါပုံကို မီးမောင်းထိုးပြလျက်ရှိပါကြောင်း၊ အဆွေတော်တို့၏ လေ့လာတွေ့ရှိမှုနှင့်အကြံပြုချက်များသည် ပြည်သူလူထု၏ယုံကြည်မှုကိုခိုင်မာစေပြီး ဒီမိုကရေစီစနစ် တိုးတက်ထွန်းကားရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏နိုင်ငံခြားရေးမူဝါဒသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါအချက်အပေါ်အခြေခံ၍ နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

အဆွေတော်တို့၏ မြန်မာနိုင်ငံအပေါ် သမာသမတ်ကျစွာ ထောက်ခံရပ်တည်ပေးမှုတို့သည် တန်ဖိုးမဖြတ်နိုင်သော မိတ်ဆွေရင်း၊ ညီအစ်ကိုစိတ်ဓာတ်များဖြစ်၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ များစွာကျေးဇူးတင်ပါကြောင်း၊ အဆွေတော်နိုင်ငံတို့နှင့် မြန်မာနိုင်ငံတို့သည် အစိုးရအချင်းချင်း ဆက်ဆံရေးသာမက နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်း ဆက်ဆံရေးသည်လည်း မိတ်ဆွေအရင်းအချာ နိုင်ငံများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း။

အဆွေတော်တို့အနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ခြင်းနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်များ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ လေ့လာတွေ့ရှိမှုများ၊ အကြံပြုချက်များနှင့် ဆွေးနွေးမှုများကို ပျော်ရွှင်ဝမ်းမြောက်စွာ လက်ခံလိုပါကြောင်း၊ အဆွေတော်တို့၏ သဘောထားအမြင်များကို လက်ခံရရှိပြီး နောင်တွင် ယခုထက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ရှာဖွေနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့မှုအခြေအနေများကို မှတ်ချက်ပြုပြောကြားခဲ့သည်။

**ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုအခြေအနေ မှတ်ချက်ပြုပြောကြားချက်အပြည့်အစုံကို စာမျက်နှာ ၁၆ တွင် သီးခြားဖော်ပြထားပါသည်။**

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

---

**■ စာမျက်နှာ ၁၇ မှအဆက်**

ပြင်ပမှ နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်းတစ်စုံတစ်ရာမခံရဘဲ မဲပေးနိုင်ခဲ့တာကိုတွေ့နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ မဲရုံမှာတာဝန်ကျတဲ့ အရာရှိများအားလုံးကလည်း ပြဋ္ဌာန်းတဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီမဲပေးခြင်း၊ မဲရေတွက်ခြင်းနဲ့ မဲပေးခြင်းလုပ်ငန်းစဉ်ကို ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်နေတာ တွေ့ခဲ့ရပါတယ်။ နောက်တစ်ခုကတော့ ပွင့်လင်းမြင်သာမှုဖြစ်ပါတယ်။ မဲပေးတဲ့ လုပ်ငန်းစဉ်တစ်လျှောက်လုံး ပွင့်လင်းမြင်သာစွာဆောင်ရွက်နိုင်ပြီးတော့ သေချာစွာမဲရုံကိုပိတ်သိမ်းခြင်း၊ မဲပေးခြင်းနဲ့ မဲရေတွက်ခြင်းကိုလည်း သက်ဆိုင်ရာ ပတ်သက်သူများ၊ Stakeholder များ အားလုံးက ပါဝင်ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများအပြင် နိုင်ငံတကာရွေးကောက်ပွဲလေ့လာသူများ၊ မီဒီယာများကပါ အတူတူပူးပေါင်းတာမျိုးကို ကျွန်တော်တို့လေ့လာတွေ့ရှိခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ မြန်မာအီလက်ထရောနစ် မဲပေးစက်များကိုအသုံးပြုပြီး မဲပေးသူမဲဆန္ဒရှင်များအနေနဲ့ မဲပေးနိုင်ခဲ့တဲ့အတွက် မဲပေးခြင်းနဲ့မဲရေတွက်ခြင်းများကို ယခင်ကထက် ပိုမိုမြန်ဆန်ပြီး ပိုမိုတိကျမှန်ကန်တာကိုလည်း ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါ့အပြင် မဲလာပေးကြတဲ့ မဲဆန္ဒရှင်ပြည်သူများက မဲပေးစက်နဲ့ ပတ်သက်ပြီး ကောင်းမွန်စွာသိရှိနားလည်ထားတာကိုလည်း ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်ခင်ဗျာ။ ပဉ္စမအချက်အနေနဲ့ကတော့ မဲရုံမှာကောင်းမွန်စွာနဲ့ လုံခြုံစိတ်ချစွာမဲပေးနိုင်ရုံမျှသာမကဘဲ မဲရုံဝန်ထမ်းတွေအတွက် ကောင်းမွန်မှန်ကန်တဲ့လုံခြုံရေး စီစဉ်ဆောင်ရွက်ထားရှိတာကို ကျွန်တော်တို့တွေ့ရှိခဲ့ရပါတယ်။ ဆဋ္ဌမအချက်အနေနဲ့ မမှန်မကန်ပြုလုပ်ခြင်းများကို ကျွန်တော်တို့တစ်စုံတစ်ရာမှမတွေ့ရှိခဲ့ရပါဘူး။ အဲလိုမျိုးမတွေ့ခဲ့ရတဲ့အပြင် ရွေးကောက်ပွဲကို ကောင်းမွန်ချောမွေ့စွာနဲ့ ဆောင်ရွက်ထားနိုင်ခဲ့တယ်ဆိုတာကို တွေ့ရှိခဲ့ရပြီး မမှန်မကန်ဆောင်ရွက်ခြင်း တစ်စုံတစ်ရာမှမတွေ့ခဲ့ရပါဘူး။ နောက်တစ်ခုက မဲရုံတွေဟာဆိုရင် မဲဆန္ဒရှင်အားလုံးအတွက် သွားရောက်ဖို့လွယ်ကူပြီး မဲပေးဖို့အတွက်လည်း လွယ်ကူအဆင်ပြေချောမွေ့စွာ ဆောင်ရွက်ထားတာတွေ့ရတဲ့အတွက်ကြောင့် အခုကျင်းပတဲ့ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိခဲ့ရပါတယ်ခင်ဗျာ။ နိဂုံးချုပ်အနေနဲ့ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို မြန်မာနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ ကျွန်တော်တို့အနေနဲ့ လာရောက်လေ့လာခဲ့တဲ့အခါမှာ မဲရုံပေါင်းများစွာကိုလေ့လာခဲ့ကြပါတယ်၊ ကျွန်တော်တို့လေ့လာခဲ့တဲ့ မဲရုံများဟာဆိုရင် ဥပဒေ၊ နည်းဥပဒေနဲ့အညီ အေးချမ်းစွာနဲ့ ကောင်းမွန်စွာကျင်းပခဲ့တာကို တွေ့ရှိခဲ့ပြီး **လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ပုံရိပ်နဲ့ဖော်ဆောင်ခဲ့တာ**တွေ့ရှိခဲ့ရပါတယ်။ ဒါ့အပြင် မမှန်မကန်ဆောင်ရွက်မှုလုံးဝ တစ်စုံတစ်ရာမတွေ့ရှိရတဲ့အတွက်ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြီး တစ်ခုလုံး ကောင်းမွန်မှန်ကန်ခိုင်မာမှုရှိပြီး အများယုံကြည်လက်ခံမှုကိုလည်း ဖော်ဆောင်နိုင်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိ ခဲ့ရပါတယ်။ ဒါကြောင့် နောင်လာမည့်ရွေးကောက်ပွဲအဆင့်တွေမှာလည်း ယခုအဆင့်မှာလိုပဲ ကောင်းမွန်စွာနဲ့ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်မိပါတယ်။ အခုလို ဖိတ်ကြားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ၂၀၂၆ ခုနှစ်ကိုရောက်ရှိတော့မှာဖြစ်တဲ့အတွက် အဆွေတော်နဲ့ဧည့်သည်တော်များအားလုံး ကောင်းမွန်သောနှစ်သစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

---

## သဇင်(FM)
## အသံလွှင့်အစီအစဉ်
၃၀-၁၂-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော် စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

# နိုင်ငံတကာလေ့လာစောင့်ကြည့်အဖွဲ့များ၏ မြန်မာနိုင်ငံရွေးကောက်ပွဲအပေါ် သဘောထားမှတ်ချက်များပေးခြင်း အခမ်းအနားတွင်ပြောကြားသည့် နိုင်ငံတကာတာဝန်ရှိသူများ၏သဘောထားမှတ်ချက်များ

၂၉-၁၂-၂၀၂၅



H.E.Mr. Sholban Kara-Ool၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ



Mr. Igor Borisov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်




Mr. Deng Xijun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်

**H.E.Mr.Sholban Kara-Ool ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

ကြွရောက်လာကြတဲ့ မြန်မာနိုင်ငံပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးနှင့်တကွ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတကာမှ ဧည့်သည်တော်များခင်ဗျာ။ မနေ့က ကျင်းပခဲ့တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရွေးကောက်ပွဲကို နိုင်ငံတကာကစောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ပြီး လေ့လာခဲ့ပါတယ်။ ကျွန်တော်တို့ Delegation အဖွဲ့မှာ ရုရှားနိုင်ငံရဲ့ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များပါမက ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်များပါ ပါဝင်ပါတယ်။ သူတို့က မြန်မာနိုင်ငံမှာ ကျင်းပတဲ့ ရွေးကောက်ပွဲသာမက အခြားနိုင်ငံများမှာကျင်းပတဲ့ ရွေးကောက်ပွဲတွေကိုပါ တစ်ကြိမ်မက လေ့လာခဲ့ဖူးပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေရဲ့ အတွေ့အကြုံများကိုလည်း မိတ်ဆက်ပေးပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ရဲ့အတွေ့အကြုံတွေနဲ့ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲကိုချိန်ထိုးပြီး လာရောက်လေ့လာနေတာဖြစ်ပါတယ်။ ကျွန်တော်တို့ မနေ့ကလေ့လာခဲ့တဲ့အချိန်မှာ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ရဲ့ ကြိုးစားအားထုတ်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါတယ်။ ဒီအလုပ်တွေဟာ တကယ်တော့ လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ တကယ်ကြိုးစားအားထုတ်နေတယ်ဆိုတာ သိသာမြင်သာပါတယ်။ ကျွန်တော်တို့ မနေ့က လေ့လာခဲ့တဲ့အချိန်မှာ ရွေးကောက်ပွဲမဲပေးနေကြတာဟာ အီလက်ထရောနစ်စက်တွေကို အသုံးပြုနေတာတွေ့ရပါတယ်။ အီလက်ထရောနစ်စက်တွေဟာ တာဝန်ရှိသူများ ရှင်းပြချက်များအရ ပြင်ပက အီလက်ထရောနစ်နှောင့်ယှက်မှုတွေ လုံးဝမပြုလုပ်နိုင်ဘူးဆိုတာလည်း သိရပါတယ်။ ကျွန်တော်တို့ မျက်မြင်ကြည့်တဲ့အချိန်မှာလည်း မှန်ပါတယ်။ ကောင်းကောင်းမွန်မွန်လည်း အလုပ်လုပ်ပါတယ်။ ပြင်ပက နှောင့်ယှက်မှုပုံစံမျိုးလည်း မတွေ့ရပါဘူး။ ဒီစက်တွေကို အသုံးပြုပြီးတော့ ရွေးကောက်ပွဲလုပ်ဆောင်ခြင်းဟာ တကယ်စစ်မှန်တဲ့ ရလဒ်တွေရရှိလာလိမ့်မယ်လို့ သုံးသပ်ရရှိပါတယ်။ အခုရွေးကောက်ပွဲမှာ Electronic Voting Machine တွေအသုံးပြုခြင်းဟာ ရွေးကောက်ပွဲအတွက် ဆုလာဘ်တစ်ခုပဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမှာ အသုံးပြုတဲ့ စက်တွေအနေနဲ့ အရင်တုန်းက ရွေးကောက်ပွဲ မဲပေးတဲ့အချိန်မှာ ကြာမြင့်မှုတွေကို အများကြီးလျှော့ချနိုင်တာကို ကျွန်တော်တို့ မျက်မြင်ပဲတွေ့ခဲ့ပါတယ်။ မဲပေးမှုလုပ်ငန်းတွေမြန်ဆန်လာတာ တွေ့ရှိခဲ့ပါတယ်။ ဆန္ဒမဲပေးမယ့်လူတွေက အတန်းရှည်ကြီးတွေ တန်းစီပြီးတော့ တကယ်ကို တက်ကြွစွာတွေ့ရပါတယ်။ သူတို့လည်း ပျော်ရွှင်နေကြပါတယ်။ ဒီမှာလုပ်ဆောင်နေတဲ့ ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေလည်း ကိုယ့်အလုပ်ကို ဂရုတစိုက်တက်ကြွစွာလုပ်ဆောင်နေတာတွေ့ရပါတယ်။ မနေ့က ကျွန်တော်တို့မဲပေးတဲ့ပြည်သူတွေကို သွားရောက်ပြီး နှုတ်ဆက်စကားနဲ့အခြားမေးမြန်းမှု အနည်းငယ်ပြုလုပ်ခဲ့ပါတယ်။ သူတို့အားလုံးက တက်ကြွနေကြပါတယ်။ ရွေးကောက်ပွဲကို စိတ်ဝင်တစားလည်းရှိကြပါတယ်။ ပျော်ရွှင်တက်ကြွစွာမဲပေးဖို့ပြင်ဆင်နေတဲ့အကြောင်း သူတို့ပြောပါတယ်။ ပါတီတွေက စောင့်ကြည့်နေတဲ့ကိုယ်စားလှယ်တွေကလည်း သူတို့အလုပ်ကို ဂရုတစိုက်လုပ်ဆောင်နေကြတာကိုလည်း တွေ့ရှိခဲ့ပါတယ်။ မဲပေးတဲ့သူတချို့ဟာ သူတို့မိသားစုဝင်တွေနဲ့မဲရုံတွေမှာ စောင့်ဆိုင်းနေတာကို တွေ့ရပါတယ်။ ဒါက တကယ့်ကို အပေါင်းလက္ခဏာဆောင်တဲ့ သဘောဖြစ်ပါတယ်။ ဒီလိုမျိုးတွေကို ကြည့်ရတာ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိတယ်။ လုံခြုံရေးကိစ္စရပ်တွေကိုလည်း ယုံကြည်မှုရှိတယ်ဆိုတဲ့သဘောလက္ခဏာတွေကို ဆောင်ပါတယ်။ ဒါကြောင့် အခုကျင်းပတဲ့ရွေးကောက်ပွဲအပေါ်မှာ ကျွန်တော့်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်တာရယ် ရွေးကောက်ပွဲအပေါ်မှာ ဆောင်ရွက်ပေးထားတဲ့ တာဝန်ရှိသူတွေရဲ့ ကြိုးပမ်းအားထုတ်မှုတွေ၊ လုံခြုံမှုအပြည့်အဝပေးနိုင်တာအတွက် ကျွန်တော်တို့ရုရှား Delegation အဖွဲ့ကိုယ်စား ဂုဏ်ယူပါတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပပေးသူတွေရော ပါဝင်တဲ့ပြည်သူတွေရော လိုလားတဲ့တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ အောင်မြင်မှုရှိမယ်ဆိုတာ ကျွန်တော်တို့ယုံကြည်ပါတယ်။ ရွေးကောက်ပွဲအပေါ်မှာ ဥပဒေနဲ့လျော်ညီစွာ ကြိုးပမ်းအားထုတ်မှုတွေဟာ မေ့ပျောက်လို့ရမယ့်ကိစ္စတွေမဟုတ်ပါဘူး။ တာဝန်ရှိသူတွေအနေနဲ့ ဂရုတစိုက်နဲ့လုပ်ဆောင်နေတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ နိဂုံးချုပ်အနေနဲ့ရွေးကောက်ပွဲကော်မရှင်က ဝန်ထမ်းတွေ ရွေးကောက်ပွဲအပေါ် တကယ့်ကို ကြိုးစားအားထုတ်ခဲ့မှုတွေ၊ မြန်မာနိုင်ငံအကြီးအကဲရဲ့ရွေးကောက်ပွဲအပေါ် တကယ့်ကိုစိတ်ဆန္ဒအမှန်နဲ့ ကြိုးပမ်းခဲ့မှု၊ မြန်မာနိုင်ငံကပြည်သူတွေ ပြင်းပြစွာဆန္ဒရှိမှုကို ဝမ်းသာဂုဏ်ယူကြောင်း ပြောလိုပါတယ်။ ရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် များစွာဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

**Mr. Igor Borisov၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်**

အခမ်းအနားကို ကြွရောက်လာကြတဲ့ မိတ်ဆွေများမင်္ဂလာပါ။ ကျွန်တော်တို့ Delegation ခေါင်းဆောင် မြန်မာနိုင်ငံမှာကျင်းပတဲ့ရွေးကောက်ပွဲအပေါ် သူ့ရဲ့အမြင်တွေကို ပြောပြသွားတာ တော်တော်ပြည့်စုံပါတယ်။ ကျွန်တော်မြင်တွေ့ခဲ့တာကို အနည်းငယ်ပြောပြချင်ပါတယ်။ အခုကျင်းပပြုလုပ်တဲ့ ရွေးကောက်ပွဲက ပွင့်လင်းမြင်သာမှုရှိပါတယ်။ ဥပဒေနဲ့ညီစွာ ဆောင်ရွက်တာမို့လို့ ကျေးဇူးတင်ကြောင်း ပထမဦးစွာ ပြောလိုပါတယ်။ တာဝန်ရှိသူများရဲ့ ကြိုးစားလုပ်ဆောင်ခဲ့မှုကြောင့် ဒီရွေးကောက်ပွဲကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့ပြည်သူအချို့နဲ့ ကျွန်တော်တို့ စကားပြောဆိုမှုတွေ ပြုလုပ်နိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကဝန်ထမ်းတွေနဲ့ သွားရောက်လေ့လာခဲ့တဲ့ မဲရုံတွေက ဝန်ထမ်းတွေနဲ့ စကားပြောဆိုနိုင်ခဲ့ပါတယ်။ Electronic Voting Machine ရဲ့ အလုပ်လုပ်မှုကိုလည်း သိရှိခဲ့ရပါတယ်။ တာဝန်ရှိသူတွေ စီစဉ်ထားတဲ့ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေရော ကျွန်တော်တို့ လာရောက်လေ့လာဖို့အတွက်စီစဉ်ထားတာရော Electronic Voting Machine တွေအသုံးပြုတာတွေကိုပါ ကောင်းမွန်ပါတယ်လို့ မှတ်ချက်ပေးလိုပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေမှာ ဥပဒေပြုမှုကစလို့ ရွေးကောက်ပွဲအတွက် ကြိုးပမ်းအားထုတ်မှု၊ လုံခြုံရေးဆိုင်ရာ ထောက်ပံ့ပေးမှု၊ ဝန်ထမ်းများရဲ့တက်ကြွစွာလုပ်ဆောင်နေမှုတွေကို ရုရှားနိုင်ငံရွေးကောက်ပွဲကော်မရှင်အနေနဲ့ အဆင့်အတန်းမြင့်တဲ့ ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်တယ်ဆိုတာကို ကျွန်တော်ကြေညာလိုပါတယ်။ ကျွန်တော်ထပ်မံပြောလိုတာက ဒီရွေးကောက်ပွဲကို စနစ်တကျ ဆောင်ရွက်ထားတာဖြစ်လို့ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့သူတွေ၊ ဒီမိုကရေစီလမ်းကြောင်းအပေါ်က သွေဖည်အောင်လုပ်နေတဲ့သူတွေကို မတွေ့ခဲ့ပါဘူး။ ရွေးကောက်ပွဲမကျင်းပမီ အစောပိုင်းကာလတွေမှာ အင်တာနက်ပေါ်မှာ ဒီရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီးသတင်းတွေပျံ့နှံ့အောင်လုပ်ဆောင်ခဲ့တဲ့သူတွေကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကို Information Technology တွေအသုံးပြုပြီး တိုက်ခိုက်နေတယ်ဆိုတာကိုလည်း ကျွန်တော်တို့ ကောင်းကောင်းသိပါတယ်။ ရွေးကောက်ပွဲကော်မရှင်ရော ပြည်သူတွေပါ ဒီလိုတိုက်ခိုက်မှုတွေကို ရှောင်ရှားကျော်လွှားပြီးတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို လျှောက်လှမ်းနိုင်မယ့် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကိစ္စရပ်တွေကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ကျွန်တော်ပြောလိုပါတယ်။ ကျွန်တော်ထပ်မံပြောကြားလိုတာက မြန်မာနိုင်ငံအကြီးအကဲရဲ့ ထောက်ပံ့ပေးမှု၊ ပြည်သူတွေအားလုံး ရွေးကောက်ပွဲအပေါ် အောင်အောင်မြင်မြင်ကျော်လွှားနိုင်ခဲ့တယ်ဆိုတာ ထပ်လောင်းပြောချင်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ အကူအညီတွေလိုတယ်ဆိုရင် အကူအညီပေးဖို့ အသင့်ရှိတယ်ဆိုတာ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**Mr.Deng Xijun၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်**

ကျွန်တော်တို့နိုင်ငံအနေနဲ့ အခုလိုမျိုး လာရောက်လေ့လာဖို့ ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့အခုလို (၃)ရက်အတွင်းမှာလာရောက်ပြီး မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲကို ဘယ်လိုမျိုးပြင်ဆင်ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို လေ့လာခွင့်ရတဲ့အတွက်လည်း အထူးပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ရဲ့ ဖိတ်ကြားမှုနဲ့ အခုလိုမျိုး စောင့်ကြည့်လေ့လာခွင့်ရတဲ့အတွက်လည်း အထူးပင် ဝမ်းသာဂုဏ်ယူမိပါတယ်။ အထူးသဖြင့်ကတော့ ရွေးကောက်ပွဲတွေ ဖော်ဆောင်တယ်ဆိုတာ ကျွန်တော်တို့ သမ္မတကြီး ရှီကျင့်ဖျင်နဲ့ မြန်မာနိုင်ငံယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ကြားမှာ ထားရှိတဲ့ သဘောတူညီမှု၊ တရုတ်-မြန်မာကြား ပူးပေါင်းဆောင်ရွက်မှုတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံဟာဆိုရင် ပူးပေါင်းဆောင်ရွက်မှုတွေ များစွာလုပ်နေတာဖြစ်ပြီးတော့ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကိုလည်း ထောက်ပံ့ကူညီမှုတွေများစွာ ပြုလုပ်လျက်ရှိပါတယ်။ မနေ့ကဆိုရင် နေပြည်တော်မှာရှိတဲ့ မဲရုံ ၆ ရုံကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲ့လိုမျိုး သွားရောက်လေ့လာတဲ့အခါ ကျွန်တော့်အနေနဲ့အကြမ်းဖျင်းအားဖြင့် အားလုံးကောင်းမွန်အဆင်ပြေနေတာကို တွေ့ရပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ တွေ့ရှိချက်တွေကို ပြောရမယ်ဆိုရင် ပထမဆုံးအနေနဲ့ မဲရုံပြင်ဆင်ထားရှိမှုတွေက စနစ်ကျတယ်။ တက်ကြွစွာပါဝင်နေတဲ့ မဲဆန္ဒရှင်တွေကိုလည်း တွေ့ရပါတယ်။ နောက်ဆုံးမဲရုံမှာ မဲရုံပိတ်ဖို့တစ်နာရီခွဲလောက်ပဲလိုတော့တာတောင် မဲပေးဖို့စီတန်းစောင့်နေကြတာကို တွေ့ရတယ်။ ရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းတွေကလည်း လုပ်ငန်းဆောင်ရွက်တာ မှန်ကန်တိကျကောင်းမွန်တာကို တွေ့ရပါတယ်။ မဲလာပေးတဲ့ ပြည်သူတွေရဲ့ ID ကတ်တွေနဲ့ သူတို့ရဲ့အချက်အလက်တွေကို တိုက်ဆိုင်စစ်ဆေးနေတာ တွေ့ရပါတယ်။ စိတ်ရှည်လက်ရှည်နဲ့ လုပ်ငန်းဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။ အခု ကျင်းပတဲ့ရွေးကောက်ပွဲအပိုင်း (၁) အဆင်ပြေချောမွေ့ပြီး တည်ငြိမ်အေးချမ်းနေတာကို တွေ့ရပါတယ်။ အောင်မြင်တဲ့ရွေးကောက်ပွဲဖြစ်တဲ့အတွက် နောင်ကျင်းပမယ့် အပိုင်း(၂)နဲ့ အပိုင်း(၃)မှာလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ မဲဆန္ဒရှင်တွေမှာ မျှော်မှန်း



Mr. Alexei Bashan၊
ဘယ်လာရုစ်သမ္မတနိုင်ငံ၊
ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ



Mr. Shpakouski Aliaksandr၊
ဘယ်လာရုစ်လွှတ်တော်အမတ်




Mr. Yerman Mukhtar ၊
ကာဇက်စတန်နိုင်ငံရွေးကောက်ပွဲ
ကော်မရှင်ဒုတိယဥက္ကဋ္ဌ



H.E.Mr. YICH Samethy၊
ကမ္ဘောဒီးယားနိုင်ငံ
ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်

ချက်တွေရှိတယ်ဆိုတာကိုလည်း တွေ့ခဲ့ရတယ်။ ရွေးကောက်ပွဲပြီးရင် သူတို့ဘဝတွေပိုကောင်းလာမယ်။ စီးပွားရေးတွေကောင်းလာမယ်။ အချို့နေရာတွေမှာ ပဋိပက္ခတွေလျော့ကျသွားပြီး အေးချမ်းတည်ငြိမ်သွားမယ်။ ယခုရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပြီး တရုတ်နိုင်ငံအနေနဲ့ အောင်မြင်တယ်လို့ ယူဆပါတယ်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ အတူယှဉ်တွဲနေထိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ကောင်းမွန်တဲ့၊ ချစ်ကြည်ရင်းနှီးတဲ့ဆက်ဆံရေးရှိသောနိုင်ငံတွေဖြစ်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာကို အမြဲတမ်းကူညီပေးဖို့ အသင့်ရှိနေပါတယ်။ နှစ်နိုင်ငံကြား ဖွံ့ဖြိုးတိုးတက်မှုတွေကို ရရှိအောင်ထူထောင်သွားဖို့အတွက် ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့ ဒီရွေးကောက်ပွဲမှသည် မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး စတဲ့ဖွံ့ဖြိုးတိုးတက်မှုတွေကို ပူးပေါင်းဆောင်ရွက်သွားဖို့ ဆန္ဒရှိပါတယ်ခင်ဗျာ။

**Mr . Alexei Bashan ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဗဟိုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ**

ယနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ဘယ်လာရုစ်ကိုယ်စားလှယ်အဖွဲ့အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲများ မည်ကဲ့သို့ကျင်းပမည်နှင့် ၎င်းတို့ကို မည်သို့စီစဉ်ထားသည်ကို စောင့်ကြည့်ရန်အတွက် လေ့လာသူများအဖြစ်လာရောက်ခြင်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ပထမဆုံး သတိပြုမိတာကတော့ ရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ဆောင်နိုင်စွမ်းက အလွန်တရာစနစ်ကျနမှုရှိပြီး အရည်အသွေးပြည့်ဝမှုရှိတယ်ဆိုတာပါပဲ။ သတ်မှတ်ထားတဲ့ မဲရုံတွေမှာ နိုင်ငံသားများလွတ်လပ်စွာနှင့် လုံခြုံစွာ မဲပေးနိုင်စေရန်အတွက် အစွမ်းကုန်လုပ်ဆောင်ထားပါတယ်။ ဒီလို လုံခြုံရေးအာမခံချက်ရှိဖို့က မဲရုံတစ်ခုအတွက် လွန်စွာအရေးကြီးပါတယ်။ မဲဆန္ဒရှင်အများအပြားက သူတို့ကိုယ်ပိုင်ရွေးချယ်မှုပြုလုပ်ပြီး သူတို့ရဲ့အနာဂတ်ကို ဆုံးဖြတ်ဖို့ မဲပေးဖို့လာရောက်ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါက အရမ်းကောင်းပါတယ်။ ဘာလို့လဲဆိုတော့ လူငယ်တွေနဲ့မိသားစုဝင်တွေပါမကျန် လာရောက်မဲပေးတဲ့အတွက် လျစ်လျူရှုသူမရှိဘဲ စိတ်ဝင်စား အလေးထားကြတယ်ဆိုတာ ထင်ရှားလို့ပါ။ ယနေ့မှာ နိုင်ငံသားများက လွှတ်တော်အမတ်များကို ရွေးကောက်တင်မြှောက်နိုင်စေဖို့ တတ်နိုင်သမျှ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့သတိပြုမိပါတယ်။ ၎င်းအမတ်တွေနဲ့ နောက်ပိုင်းမှာ အစိုးရတစ်ရပ်ဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ကြမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်သူများက ၎င်းတို့ရဲ့ ကံကြမ္မာကို ကိုယ်တိုင်ဆုံးဖြတ်လိုတဲ့အတွက် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြတာကို တွေ့ရှိရပါတယ်။ ဒါဟာ အထူးဂုဏ်ယူဝမ်းမြောက်စရာပါပဲ။ ဥပဒေချိုးဖောက်မှုများမရှိကြောင်း ကျွန်ုပ်တို့သတိပြုမိပြီး အီလက်ထရောနစ် မဲပေးစက်များကိုအသုံးပြု၍ မဲပေးခြင်းရဲ့ဆန်းသစ်တီထွင်မှုကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။ ဒါက လုပ်ငန်းစဉ်ကို မြန်ဆန်စေပြီး နှောင့်နှေးမှုတွေကိုဖယ်ရှားပေးတယ်ဆိုတာ ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါတယ်။ မဲပေးဖို့ရှည်လျားတဲ့ လူတန်းတွေမရှိပါဘူး။ အရာအားလုံးက ရိုးရှင်းပြီး မြန်ဆန်လွယ်ကူစေပါတယ်။ မဲရုံဝန်ထမ်းတွေ (မဲရုံတွေကို စီစဉ်သူတွေ)နဲ့ မဲဆန္ဒရှင်တွေကိုယ်တိုင်အတွက် ကနဦးလေ့ကျင့်မှုတွေအပါအဝင် လိုအပ်တာတွေကို ကြိုတင်ပြင်ဆင်လုပ်ဆောင်ခဲ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အထူးဝမ်းသာဂုဏ်ယူပါတယ်။ မဲဆန္ဒရှင် လူကြီးလူငယ်အရွယ်မရွေးအားလုံးက ယုံကြည်မှုရှိစွာနဲ့ မဲပေးဖို့ အချိန်မီ လာရောက်ပါတယ်။ အလုံးစုံခြုံပြောရရင် မဲဆန္ဒရှင်ပြည်သူတွေမျက်နှာပေါ်မှာ အပြုံးတွေဝေဆာနေတာ တွေ့ရတဲ့အတွက် ဒါက ဘာကိုဆိုလိုတာလဲဆိုရင် သူတို့အနာဂတ်အတွက် သူတို့ယုံကြည်မှုရှိတယ် ဆိုတာပါပဲ။ ကျေးဇူးတင်ပါတယ်။

**Mr. Shpakouski Aliaksandr ၊ ဘယ်လာရုစ် လွှတ်တော်အမတ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လွှတ်တော်အဖွဲ့၏ အကြီးအကဲများသည် ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ မြန်မာနိုင်ငံသို့ ရောက်ရှိနေခဲ့ပြီး ယနေ့တွင် မြို့တွင်းရှိ မဲရုံသုံးခုသို့ သွားရောက်ခဲ့ကြသည်။ လက်ရှိအချိန်မှာ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်သူတွေရဲ့ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ဖို့ အခြေအနေအားလုံးကို ဖန်တီးထားပြီးဖြစ်ကြောင်းတင်ပြလိုပါတယ်။ ရွေးကောက်ပွဲများသည် တရားဝင်နိုင်ငံရေးလုပ်ငန်းစဉ်၏ တစ်ခုတည်းသော မှန်ကန်သည့်လမ်းစဉ်ဖြစ်ပြီး အာဏာတည်ဆောက်မှု၊ လွှတ်တော်ကျင်းပနိုင်မှုတွင် သန့်ရှင်းသော ယှဉ်ပြိုင်မှုဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ တွေ့ဆုံဆွေးနွေးမှုနဲ့ အရပ်ဘက်သဘောတူညီချက်အတွက် တိကျသောခြေလှမ်းတစ်ရပ်ကို လှမ်းနေတာ ထင်ရှားပါတယ်။ လူ့အဖွဲ့အစည်းမှာပါဝင်ဖို့ ငြင်းဆန်တဲ့ နိုင်ငံရေးအင်အားစုတွေဟာ ဥပဒေနယ်ပယ်ကနေ သူတို့ကိုယ်သူတို့ဖယ်ထုတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီတဲ့ လမ်းကြောင်းကို လျှောက်လှမ်းနေကြတာပါ။ အဲဒီလို နိုင်ငံရေးအင်အားစုတွေဟာ နေရာတစ်နေရာကနေ အခြေခံအားဖြင့် ရွေးကောက်ပွဲလှုပ်ရှားမှုများမရှိအောင် ဖျက်ဆီးနေကြပါတယ်။ လွှတ်တော်ရွေးကောက်ပွဲရလဒ်များအပေါ် အခြေခံ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဥပဒေပြုအာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီပါဝင်အားဖြည့်ရန် အမြဲအသင့်ဖြစ်ပါတယ်။ လွန်ခဲ့သော လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်းနိုင်ငံရေးပြဿနာများကို ဖြေရှင်းရာတွင် အောင်မြင်မှုများရရှိခဲ့သည်။ လက်ရှိအခြေအနေမှာ ခက်ခဲနေဆဲဖြစ်သော်လည်း ဘယ်လာရုစ်နိုင်ငံသည် ကျွန်ုပ်တို့၏မြန်မာမိတ်ဆွေများအား လိုအပ်သောနိုင်ငံရေးပံ့ပိုးမှုများ ပေးအပ်ရန် အမြဲအသင့်ရှိနေပြီး ယခုလို ဘယ်လာရုစ်မှ လေ့လာသူများလည်း ရှိနေပါသည်။ ဤသည်မှာ ကျွန်ုပ်တို့၏ခေါင်းဆောင်က မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို ခိုင်မာစေရန် ရည်ရွယ်ချက်အား ထောက်ခံကြောင်း သက်သေခံချက်တစ်ခုဖြစ်သည်။

**Mr. Yerman Mukhtar ၊ ကာဇက်စတန်နိုင်ငံရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ**

ကျွန်တော့်အနေနဲ့ တက်ရောက်လာတဲ့ ဧည့်ပရိသတ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပထမဆုံးပြောကြားလိုတာကတော့ ဒီမှာတက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးဟာ မြန်မာနိုင်ငံနဲ့ ကာဇက်စတန်နိုင်ငံနှစ်နိုင်ငံအကြားမှာ ရင်းနှီးတဲ့ဆက်ဆံရေးဖြစ်တဲ့ သံတမန်ဆက်ဆံရေးတည်ဆောက်ဖို့အတွက် အဓိကကျတဲ့အခန်းကဏ္ဍကနေ ပါဝင်မှာဖြစ်တဲ့အကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ ကာဇက်စတန်နိုင်ငံရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ဒီကိုလာရတဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာကျင်းပတဲ့ ရွေးကောက်ပွဲမှာလာရောက်ကြည့်ရှုလေ့လာဖို့နဲ့ ကျွန်တော်တို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ရှေ့ဆက်ပြီး ပူးပေါင်းလုပ်ဆောင်ဖို့နဲ့ နှစ်နိုင်ငံကြားကိစ္စရပ်တွေကိုဆွေးနွေးဖို့အတွက် လာရောက်ရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ကို ကျွန်တော်တို့လာရောက်လေ့လာတဲ့အခါမှာ လှိုက်လှဲစွာကြိုဆိုတဲ့အတွက်ရောလေ့လာဖို့အတွက်အကောင်းဆုံးအခြေအနေတစ်ခု ဖန်တီးပေးတာကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ရောက်လာတဲ့အချိန်ကနေစပြီးတော့ ရန်ကုန်မြို့မှာရော နေပြည်တော်မှာရော မြန်မာနိုင်ငံမှာပြုလုပ်တဲ့ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ သက်ဆိုင်ရာ သတင်းအချက်အလက်ပေါင်းများစွာကို ရရှိခဲ့ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးပြောကြားခဲ့တဲ့ မိန့်ခွန်းဟာဆိုရင် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ဆောင်နေတဲ့ Process တွေအားလုံးနဲ့ ရွေးကောက်ပွဲမှာအသုံးပြုမယ့် နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်တွေကို ကျွန်တော်တို့ ကောင်းစွာသိရှိခဲ့ရပါတယ်ခင်ဗျာ။ မြန်မာနိုင်ငံရွေးကောက်ပွဲမှာဆိုရင် တကယ့်ကိုအသုံးဝင်ပြီးတော့ တကယ့်ကို ပြိုင်ဆိုင်မှုရှိတဲ့ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွေကိုတွေ့ရှိခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ယခုတွေ့ရှိခဲ့တဲ့ ကောင်းမွန်တဲ့အချက်အလက်တွေကို ပြန်လည်အသုံးချသွားဖို့အတွက်လည်း စဉ်းစားထားပါတယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ကျွန်တော့်အမြင်လေးတွေကို တင်ပြလိုပါတယ်၊ တစ်ရက်တည်းမှာ အခုလိုရွေးကောက်ပွဲတစ်ခုကိုလုပ်ဆောင်ရတာဟာ တကယ့်ကိုကြီးမားတဲ့ အလုပ်တစ်ခုလည်း ဖြစ်ပါတယ်။ အခုလိုလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်ရဲ့ ခက်ခဲတဲ့ရှုထောင့်တစ်ခုကို ကျွန်တော်တို့တွေ့ရပါတယ်။ တစ်ရက်တည်းနဲ့ လူတွေအများကြီးစုပြီးလုပ်ဆောင်ရတာအများကြီးခက်ခဲပါတယ်။ ရွေးကောက်ပွဲလုပ်ဆောင်တဲ့နေရာမှာ ရွေးကောက်ပွဲကော်မရှင်သာမက သက်ဆိုင်ရာပါတီအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ လာရောက်ကြည့်ရှုပြီးတော့ အားလုံးပူးပေါင်းလုပ်ဆောင်တာတွေ့ရပါတယ်။ နောက်တစ်ခုကျွန်တော်တွေ့ရှိတာကတော့ မဲဆန္ဒရှင်စာရင်းတွေ သေသေချာချာလုပ်ဆောင်ထားတာကိုတွေ့ရှိရပါတယ်။ သက်ဆိုင်ရာမဲရုံတွေမှာ မဲလာပေးမယ့် မဲဆန္ဒရှင်အားလုံး သူတို့ရဲ့ စာရင်းတွေကို အလွယ်တကူရှာဖွေတွေ့ရှိအောင်လုပ်ဆောင်ထားတာကို တွေ့ရပါတယ်၊ ဒ့ါအပြင် မဲဆန္ဒရှင်တွေအနေနဲ့မဲစာရင်းကပ်ထားတဲ့ဘုတ်တွေမှာ မိမိတို့စာရင်းတွေကိုကြည့်ရုံသာမက မဲပေးတဲ့နေရာရောက်ရင်လည်း သူတို့စာရင်းကို စာအုပ်မှာကြည့်ပြီးတော့ လက်မှတ်ထိုးပြီးတော့ ဆန္ဒပြုခန်းမှာသွားပြီး လျှို့ဝှက်မဲပေးကြတာတွေ့ရပါတယ်၊ မဲရုံတွေမှာ မဲပေးစက်ကို အကောင်းဆုံးသေသေချာချာထိရောက်မှုအပြည့်နဲ့ သုံးစွဲသွားတာကိုတွေ့ရပါတယ်။ မဲဆန္ဒပေးတဲ့လူတွေကတက်တက်ကြွကြွပါဝင်ပြီး မဲပေးကြတာကိုတွေ့ရှိရပါတယ်။ ဒ့ါအပြင် ပြည်တွင်း/ပြည်ပမှသတင်းရယူကြတဲ့ သတင်းထောက်တွေ ရွေးကောက်ပွဲကျင်းပနေတာကို နိုင်ငံပိုင်မီဒီယာများမှသတင်းရယူထုတ်လွှင့်နေတာကိုလည်း တွေ့ရှိရပါတယ်။ အရေးကြီးတဲ့အချက်တစ်ခုကတော့ မဲပေးကြတဲ့သူတွေအထဲမှာ လူငယ်များစွာပါဝင်တာကိုတွေ့ရပါတယ်ခင်ဗျ။ ဒါကတော့ ဘာကိုပြသသလဲဆိုရင် ရွေးကောက်ပွဲအပိုင်း(၁)မှာ လူငယ်များစွာပါဝင်နေတဲ့အတွက် မြန်မာနိုင်ငံရဲ့ လူငယ်တွေဟာ ဖြစ်ပေါ်လာမယ့် အနာဂတ်အတွက်မျှော်လင့်ချက်ကြီးကြီးထားတယ်ဆိုတာမျိုးသုံးသပ်လို့ရပါတယ်။ နောက်ထပ်ပြောလိုတာကတော့ ကျွန်တော်တို့နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ဆတက်ထမ်းပိုးတိုးပွားစေဖို့ ကျွန်တော်တို့အနေနဲ့ အသင့်ရှိကြောင်း ပြောကြားလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောလိုတာကတော့ မြန်မာနိုင်ငံ ရွေးကောက်ပွဲအောင်အောင်မြင်မြင်နဲ့ ပြီးမြောက်ပါစေလို့ ဆုတောင်းပေးပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**H.E. Mr. YICH Samethy၊ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်**


ကျွန်တော့်အနေနဲ့ကမ္ဘောဒီးယားနိုင်ငံရဲ့ ရွေးကောက်ပွဲကော်မရှင်ကိုယ်စား လာရောက်လေ့လာခွင့်ရတဲ့အတွက်အထူးပဲကျေးဇူးတင်ရှိပါတယ်၊ ကျွန်တော်က မနေ့က နေပြည်တော်မှာရှိတဲ့ မဲရုံတွေကိုသွားရောက်လေ့လာတဲ့အခါမှာ အောက်ဖော်ပြပါလေ့လာတွေ့ရှိချက်များကို ကျွန်တော်မျှဝေပေးလိုပါတယ်ခင်ဗျ။ ပထမဆုံးအနေနဲ့ မဲရုံများကိုပြင်ဆင်ထားရှိမှုနဲ့ကျင်းပဆောင်ရွက်မှုတွေဟာဆိုရင် အလွန်ကို ပြီးပြည့်စုံပြီးတော့ အေးချမ်းတာကိုတွေ့ရပါတယ်။ မဲဆန္ဒရှင်များအနေနဲ့လည်း ကောင်းမွန်စွာနဲ့ရွေးကောက်ပွဲကို ၎င်းတို့ရဲ့ ဒီမိုကရေစီအခွင့်အရေးများကို အသုံးချပြီး **စာမျက်နှာ ၁၅ သို့**■

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Delegation led by Deputy Chairman of the State Duma, Federal Assembly of the Russian Federation pays courtesy call on Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing



Senior General Min Aung Hlaing shakes hands with Deputy Chairman of the State Duma H.E. Mr. Sholban Kara-Ool.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing holds talks with H.E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma, Federal Assembly of the Russian Federation.

NAY PYI TAW December 29

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing received a delegation led by H.E. Mr. Sholban Kara-Ool, Deputy Chairman of the State Duma, Federal Assembly of the Russian Federation, who had observed the multi-party democracy general election in Myanmar, at the parlour of Bayintnaung Villa, here this afternoon.

Also present at the call together with the Senior General were SSPC Secretary General Ye Win Oo, SSPC member Union Minister for Foreign Affairs U Than Swe, Union Minister for Finance and Revenue Dr Kan Zaw and officials, the State Duma deputy chair was accompanied by Ambassador of Russian Federation to Myanmar H.E. Mr. Iskander Azizov and members of the delegation.

At the call, views on the observance of the election held in Myanmar by the State Duma deputy chair together with members of international monitoring teams, his eyewitness account of the election in which voters were actively and independently casting votes, positive opportunities for national development through qualified persons chosen at the election, holding of the election phase by phase in the remaining parts of the country, Myanmar's political developments, improving friendship and cooperation between the two countries, further promotion of bilateral cooperation in defence, economic, science and technological, educational, legal, and cultural sectors and between parliaments of the two countries were cordially exchanged.

After the call, Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing and the State Duma deputy chair exchanged commemorative gifts and posed for documentary photos together with the attendees.

100

■■ From Page - 21

The polling stations opened simultaneously at 6 am, and eligible voters continued casting their ballots in an orderly manner until the official closing time at 4 pm, as well as afterward for those still present inside the polling stations. The phase 1 of the election was conducted in 102 townships at 5.30 pm successfully.

Terrorist and insurgent groups committed a total of 54 acts of disruption and destruction in 41 townships during the pre-election period. These incidents included 23 cases of distributing or posting false propaganda, agitation, hanging posters, shouting or swearing at people to prevent them from voting, using sound boxes to discourage voting, and destroying educational billboards and posters. Additionally, there were 4 instances of firing at polling station security forces, 6 drop bomb attacks, 2 incidents involving handmade sound mines, 6 attacks using grenades or handmade mines, and 3 attacks involving rockets. Armed threats were made against departmental government officials and election candidates 3 times, while 6 individuals were forcibly taken away.

Regardless of how terrorist groups and insurgent factions attempted to derail the electoral process or how fugitive media outlets broadcasted false and defamatory information to undermine the democratic transition, the first phase of the Multi-party Democracy General Election was successfully conducted in a free, fair, and transparent manner before international observers, diplomats, and the media.

Therefore, in the upcoming second and third phases of the election, the government, security forces, and administrative authorities must strive even harder to ensure that voters do not lose their rights and can cast their ballots with full security. Myawady TV urges responsible citizens who welcome democracy and desire nationwide stability and development to cooperate with officials by reporting any terrorist movements or suspicious activities to ensure a smooth transition to a multi-party democratic system through peaceful means.

100

# 519 illegal buildings used in online fraud and gambling operations in KK Park area systematically demolished

# Items used in such illegal activities continuing to be destroyed by burning

NAY PYI TAW December 29

The Government of Myanmar is carrying out coordinated operations involving security forces, administrative bodies, and local authorities to clear illegal buildings in the Shwe Kokko area and the KK Park area, where online fraud and gambling activities have been most heavily based. These operations include raiding illegal structures and systematically demolishing confiscated illegal buildings, as well as destroying seized equipment used in online fraud and gambling. It is reported that four additional illegal buildings in the KK Park area were demolished today.

Today, in Myawady–Maehtawthalay (KK Park) Section (3), one four-storey illegal building and three two-storey illegal buildings—four buildings in total—that had been used for online fraud and gambling activities were demolished. As a result, 519 out of a total of 635 illegal buildings in the KK Park area have now been systematically demolished.

In addition, among the illegal buildings in the KK Park area that had already been demolished using heavy machinery, further destruction using controlled explosive methods has been carried out since December 14 to ensure complete demolition. As of today, five additional two-storey buildings have been fully destroyed, bringing the total number of buildings completely demolished to 71.

Furthermore, equipment used in online fraud and gambling activities in the KK Park and Shwe Kokko areas was again systematically destroyed by burning today to prevent any further reuse. It is also reported that the Government, regarding the crackdown on online fraud and gambling as a national duty, will continue its efforts—working not only with domestic forces but also in coordination with neighbouring countries' governments—to ensure that such activities cannot take root anywhere in Myanmar.


100




An illegally constructed two-storey residential buildings in KK Park area (Section 3) using incendiary methods.




Illegally constructed four-storey residential building in KK Park Area, Section (3).




Illegally constructed two-storey residential building in KK Park Area, Section (3).



Documentary photograph of the burning and destruction of illegal items in the KK Park area.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# New Putin-Trump phone call to take place in very near future - Kremlin

MOSCOW December 29

Moscow will receive information about the results of the talks in Florida between Volodymyr Zelensky and US President Donald Trump after a new conversation between Russian President Vladimir Putin and the US leader, Moscow cannot assess them yet, Kremlin spokesman Dmitry Peskov said on Monday.




“We do not know how they went, so we cannot assess ... Following these conversations, the two presidents, I mean the Russian president and the US president, agreed to call again. That is when we will get the information,” Peskov told reporters.

Commenting on when Putin and Trump will have a telephone conversation following the Florida meeting, the official said that it will take place in the very near future, adding that during the latest phone conversation, the Russian and US leaders did not discuss a truce on January 7.

Additionally, Peskov said that the Kremlin agrees with Trump’s assessment that peace in Ukraine has become much closer.

On Sunday, Trump met with Zelensky in Florida. After the bilateral talks, they had a telephone conversation with European leaders. Prior to the meeting with Zelensky, Trump said that he had a good and very productive telephone conversation with Putin.

There is no talk of a telephone conversation between Russian President Vladimir Putin and Volodymyr Zelensky right now, Peskov added. **Sputnik**

# Egypt vows to assist Lebanon’s power sector via gas cooperation

BEIRUT December 29

Egypt will help Lebanon ease its chronic electricity shortages through cooperation in natural gas, visiting Egyptian Petroleum and Mineral Resources Minister Karim Badawi said Monday.

“Egypt attaches great importance to the energy file in Lebanon,” Badawi said after meeting with Lebanese President Joseph Aoun, according to a statement released by the Lebanese Presidency.

Egypt is ready to “provide all possible support to Lebanon through its expertise” in gas exploration, production and supply for power generation, among others, Badawi said, adding that joint working groups have been formed between ministries of the two countries in this regard.

For his part, Aoun welcomed the move, describing a recently-signed bilateral memorandum on natural gas for electricity as a practical and essential step to help Lebanon increase power production and reduce nationwide rationing, read the statement.

Lebanon has long suffered severe electricity shortages, relying heavily on private generators. The cooperation with Egypt is seen as key to stabilizing the country’s energy sector.

**Xinhua**

# Head-on car collision kills 5, injures 9 in southeast Brazil

RIO DE JANEIRO December 29

Five people, including two minors, were killed and nine others injured in a head-on car collision on Sunday in Brazil’s southeastern state of Minas Gerais, said local authorities.

The crash occurred early Sunday morning on the BR-040 federal highway near the municipality of Paracatu in northwestern Minas Gerais.

According to the federal highway police, a car traveling toward the capital, Brasilia, crossed into the opposite lane and collided head-on with another vehicle.

Those injured were transported to nearby hospitals for treatment.

The BR-040 is one of Brazil’s main federal highways linking the central and southeastern regions and sees heavy traffic, especially during holidays.

**Xinhua**

# Houthis vow to strike Israeli targets in African territory

JERUSALEM December 29

Houthi rebels in Yemen have declared any Israeli presence in the breakaway region of Somaliland a legitimate military target. The warning comes days after Israel became the first country to recognize the independence of the Somalian territory.

In a statement on Sunday, Houthi leader Abdulmalik al-Houthi stated that Israel’s move constitutes “aggression against Somalia and Yemen, and a threat to the security of the region,” stressing that the militant group will “consider any Israeli presence in Somaliland a military target for our armed forces.”

The group, which has halted attacks on Israel since a Gaza truce in October, framed the threat as an act of solidarity, while accusing Israel of seeking to conduct “hostile activities.”

The warning follows Israeli Prime Minister Benjamin Netanyahu and Foreign Minister Gideon Sa’ar’s signing of a declaration on Friday recognizing Somaliland as a sovereign state, making West Jerusalem the first government to officially do so.

Located on the southern coast of the Gulf of Aden in East Africa, Somaliland declared independence from Somalia in 1991 but has remained internationally isolated. Netanyahu stated that the move was made “in the spirit” of the Abraham Accords and invited Somaliland’s president for an official visit.

Somalia’s government denounced the move as a “deliberate attack” on its sovereignty. Israel’s actions have also triggered a wave of international condemnation as a broad coalition of nations and organizations have rejected the move.

**RT**

# Phase 1 of multi-party democratic general election 2025 held successfully through cooperation of the people who aspire to the democracy amid destructive activities of terrorist groups

NAY PYI TAW December 29

As elections are of utmost importance in a democratic system, voters must exercise their right to vote as a fundamental citizen's right to decide the future course of the nation. The Republic of the Union of Myanmar held Phase 1 of the multi-party democratic general election 2025 successfully on 28 December.

In phase 1 of the election, voters cast their ballots freely and independently at polling stations from 6 am until the polls closed across 102 townships nationwide without any form of pressure. Everyone witnessed that citizens exercised their voting rights actively, orderly, and proudly, reflecting their commitment as responsible citizens of the nation.

At the time when the government and the people were choosing the democratic path, armed terrorist groups continued to pursue violent agendas. They aimed to disrupt the phase 1 of the election in certain areas, prevent eligible voters from reaching polling stations, destroy polling places, and intimidate voters, using direct or indirect means with malicious intent. These included shooting with firearms and rocket launchers, detonating sound mines, blocking or restricting transport to polling stations, sending threatening messages, as well as dropping bombs with drones, attacks by fixed-wing aircraft, and spreading false information.

In this regard, those armed terrorists committed blowing up a homemade sound mine at polling station No 82 polling station at No 11 Basic Education High School in Shwenyaungbin Ward of Myitkyina, Kachin State, on 28 December when the multi-party democratic general election was held. Likewise, the armed terrorists fired 107mm homemade rockets to Shwetaung and Mingala wards of Loikaw in Kayah State, blew up homemade mines near Kanbawza Bank in Ward 3 of Myawady and near No 2 Myanmar-Thai friendship bridge in Ward 5, and launched a fixed wing to the Taninthayi Region government office, blocked 170 oil palm farm workers of the Maran nursery of Yuzana palm oil company to the polling station in Aungchantha Village-tract of Khamaukkyi.Moreover, the terrorists committed attacks on No 2 polling station in Ward 3 of Shwebo in Sagaing Region with dropped bombs, attacked the Nationality Youth Resource Development Degree College in Sagaing with six handmade rockets, dropped bombs near No 3 polling station at No 2 BEHS in Sawbwa Ward 1 in Tamu, disturbed Katha from northern and southern parts with the use of small arms, launched 107mm rockets to Nantawkyun Village in Madaya Township and Aungmyaythazan Township of Mandalay Region, dropped bombs near the General Administration Department, the court and the road to the prison in Myingyan, and opened fire to polling station No 64 at BEPS (Pyun) in Zone 9 of NyaungU with the use of small arms from 27 to the evening of 28 December. They committed disturbances in 11 townships of 102 constituencies in the phase 1 of the election. In the incidents, five people suffered minor injuries.Despite disruptions and threats, phase 1 of the election was held across all 102 townships. Voters who believe in the democratic system and fully support the government's election management began waiting at polling stations from 5:30 am on 28 December.

See Page - 18



Photo shows the place where a rocket fired by terrorist insurgents landed in Loikaw, Kayah State.



Terrorist insurgents blew up hand-made explosives near Myanmar-Thai Friendship Bridge in Myawady, Kayin State.



Photo shows a captured drone used by terrorist insurgents to attack a polling station in Shwebo with a drop bomb.



Photo shows the bullet holes caused by terrorist insurgent attack on a polling station in NyaungU, Mandalay Region.



Photo shows the bullet holes caused by terrorist insurgent attack on a polling station in NyaungU, Mandalay Region.



Rockets fired by terrorist insurgents at the Nationality Youths Capacity Development Degree College in Sagaing hit innocent civilians.

➤ ကျောဖုံးမှအဆက်

သောင်းကျန်းသူအုပ်စုများအနေဖြင့် အကြမ်းဖက်ဝါဒကို ဆက်လက်စွဲကိုင်ကာ နိုင်ငံအတွင်းရှိ အချို့နေရာများ၌ ရွေးကောက်ပွဲအထမမြောက်စေရန်၊ မဲပေးပိုင်ခွင့်ရှိသူမဲဆန္ဒရှင်များ မဲရုံများသို့ မသွားနိုင်စေရန်၊ ဖွင့်လှစ်ပြီးမဲရုံများ ပျက်စီးဆုံးရှုံးစေရန်နှင့် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်များ ထိတ်လန့်တုန်လှုပ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အဝေးမှ လက်လုပ်လက်နက်ကြီးများ၊ လက်လုပ်ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်နှောင့်ယှက်ခြင်း၊ အသံမိုင်းများဖောက်ခွဲပြခြင်း၊ မဲရုံသို့ လာရောက်ရန် ကြို/ပို့ယာဉ်များအား တားဆီးခြင်း၊ ခြိမ်းခြောက်စာများပို့ခြင်း စသည့်ခြိမ်းခြောက်မှုများရှိခဲ့သကဲ့သို့ ဒရုန်းများဖြင့် Drop Bomb ချခြင်း၊ Fixed Wing ဖြင့်ပစ်ခတ်ခြင်းနှင့် မဟုတ်မမှန်သတင်းများဖြန့်ဝေခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့ကြသည်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၈၂)အနီး၌ လက်လုပ်အသံမိုင်းဖောက်ခွဲမှုအား တွေ့မြင်ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအား ရှော့တိုက်ဒုံးများဖြင့်ပစ်ခတ်မှုကြောင့် ပျက်စီးမှုအား တွေ့မြင်ရစဉ်။





အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်မှုကြောင့် ပျက်စီးမှုများအား တွေ့မြင်ရစဉ်။

ထိုသို့လုပ်ဆောင်ခဲ့ကြရာ အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကျင်းပခဲ့သည့် ဒီဇင်ဘာလ ၂၈ ရက်နေ့၌ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၈၂)၌ လက်လုပ်အသံမိုင်းဖောက်ခွဲခြင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရွှေတောင်ရပ်ကွက်နှင့် မင်္ဂလာရပ်ကွက်အတွင်းသို့ ၁၀၇ မမ လက်လုပ်ဗုံးသီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီးနှင့် အမှတ်(၅)ရပ်ကွက်ရှိ မြန်မာ-ထိုင်းချစ်ကြည်ရေး အမှတ်(၂)တံတားအနီးတို့၌ ဒေသန္တရလက်လုပ်မိုင်းများဖောက်ခွဲခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအား Fixed Wing ဖြင့်ပစ်ခတ်ခြင်း၊ ခမောက်ကြီးမြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ယုဇနဆီအုန်းကုမ္ပဏီ၊ မာရမ်းပျိုးခြံမှဆန္ဒမဲပေးရန် မဲရုံသို့ သွားရောက်သည့် ဆီအုန်းခြံလုပ်သား ၁၇၀ ဦးအား တားဆီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ စစ်ကိုင်းမြို့၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့ လက်လုပ်ရှော့တိုက်ဒုံး (၆)လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တမူးမြို့၊ စော်ဘွား (၁) ရပ်ကွက်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိမဲရုံအမှတ်(၃) အနီးသို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ကသာမြို့မြောက်ဘက်နှင့် တောင်ဘက်မှ လက်နက်ငယ်၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မြင်းခြံမြို့ ထွေ/အုပ်ရုံးအနီး၊



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၃) ရပ်ကွက်ရှိ မဲရုံအမှတ်(၂)အနီးသို့ Drop Bomb ချတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုအား တွေ့မြင်ရစဉ်။



အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ စော်ဘွား(၁)ရပ်ကွက်၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၃) အနီးသို့ Drop Bomb ချတိုက်ခိုက်မှုကြောင့် နေအိမ်များပျက်စီးမှုအား တွေ့မြင်ရစဉ်။





အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမရှော့တိုက်ဒုံးများ ပစ်ခတ်တိုက်ခတ်မှုကြောင့် ပျက်စီးမှုများအား တွေ့မြင်ရစဉ်။

စာမျက်နှာ ၂၃ သို့ ➤



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ နန်းတော်ကျွန်းကျေးရွာအတွင်းနှင့် အောင်မြေသာစံမြို့နယ်အတွင်းတို့သို့ ၁၀၇ မမရှေ့တိုက်ဒုံးများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးမှုများအားတွေ့မြင်ရစဉ်။



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား Drop Bomb ချတိုက်ခိုက်မှုကြောင့်ပျက်စီးမှုအားတွေ့မြင်ရစဉ်။

➤ **စာမျက်နှာ ၂၂ မှအဆက်**

တရားရုံးအနီးနှင့် ဗဟိုအကျဉ်းထောင်ကြားလမ်းအနီးတို့သို့ Drop Bomb ချတိုက်ခိုက်ခြင်း၊ ညောင်ဦးမြို့နယ်၊ ဗုန်အမှတ်(၉)၊ မဲရုံအမှတ် (၆၄)၊ အခြေခံပညာမူလတန်းကျောင်း (ပွဲ့ရွန်)စာသင်ကျောင်းအနီးသို့ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များကို ဒီဇင်ဘာလ ၂၇ ရက်နေ့ ညနေမှ ၂၈ ရက်နေ့ ညနေပိုင်းအထိ အပိုင်း(၁) မဲဆန္ဒနယ် (၁၀၂) မြို့နယ်အနက် မြို့နယ် (၁၁) ခုတို့၌ နှောင့်ယှက်မှုများ ပြုလုပ်ခဲ့ကြရာ ပြည်သူ ၅ ဦးခန့်သာ အနည်းငယ်ထိခိုက်ဒဏ်ရာရမှုဖြစ်ပွားခဲ့သော်လည်း လွတ်လပ်၍ တရားမျှတပြီး ဂုဏ်သိက္ခာရှိသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသို့ နှောင့်ယှက်ပစ်ခတ်မှုနှင့် ခြိမ်းခြောက်မှုများကြားမှ အပိုင်း(၁)ကျင်းပသည့် (၁၀၂) မြို့နယ်လုံး၌ ဒီမိုကရေစီစနစ်ကို သက်ဝင်ယုံကြည်ကြသူများနှင့် နိုင်ငံတော်အစိုးရ၏ ရွေးကောက်ပွဲဆိုင်ရာစီမံဆောင်ရွက်မှုများ အပေါ်သံသယကင်းရှင်းပြီး ထောက်ခံကြသည့်မဲပေးပိုင်ခွင့်ရှိသူပြည်သူများမှ တစ်ခဲနက် မိမိတို့ဆန္ဒအလျောက် ဒီဇင်ဘာလ ၂၈ ရက် နံနက် ၅ နာရီခွဲမှပင် စတင်စောင့်ဆိုင်းလျက် မဲရုံများ တစ်ပြိုင်နက်ဖွင့်လှစ်သည့် နံနက် ၆ နာရီမှ သတ်မှတ်ချိန် မဲရုံပိတ်သည့် ညနေ ၄ နာရီအထိနှင့် ၄ နာရီနောက်ပိုင်း မဲရုံပရိဝုဏ်အတွင်း ကျန်ရှိနေသည့် မဲဆန္ဒရှင်များမှလည်း ဆက်လက်မဲပေးကြရာ ညနေ ၅နာရီ၊ ၃၀ မိနစ်တွင် မြို့နယ်(၁၀၂) မြို့နယ်လုံးအနေဖြင့်ရွေးကောက်ပွဲအပိုင်း(၁)အား အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများအနေဖြင့် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအကြိုကာလများတွင်လည်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ရာ မြို့နယ်ပေါင်း ၄၁ မြို့နယ်တွင် အများပြည်သူဆိုင်ရာနေရာများ၌ မဟုတ်မမှန်ဝါဒဖြန့်စာစောင်များဖြန့်ဝေခြင်း၊ ကပ်ထားခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ လှုံ့ဆော်စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း၊ မဲမပေးရန်လှုံ့ဆော်အော်ဟစ်ပြောဆိုခြင်း/ဆဲဆိုခြင်း၊ မဲမပေးရန်လှုံ့ဆော်သည့် Sound Box/ Speaker များဖွင့်ခြင်း၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအသိပညာပေးဆိုင်းဘုတ်၊ ပိုစတာများအား ရိုက်ချိုးခြင်း၊ လှဲချခြင်း၊ မီးရှို့ခြင်းများ ၂၃ ကြိမ်၊ မဲရုံလုံခြုံရေးတပ်ဖွဲ့ဝင်များအား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း ၄ ကြိမ်၊ Drop Bomb ချတိုက်ခိုက်ခြင်း ၆ ကြိမ်၊ လက်လုပ်အသံမိုင်းခွဲနှောင့်ယှက်ခြင်း ၂ ကြိမ်၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲတိုက် ခိုက်ခြင်း ၆ ကြိမ်၊ ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ၃ ကြိမ်၊ ရွေးကောက်ပွဲတာဝန်ခံဌာနဆိုင်ရာအစိုးရဝန်ထမ်းများ၊ ရွေးကောက်ခံပါတီအဖွဲ့ဝင်များအား လက်နက်ကိုင်ခြိမ်းခြောက်ခြင်း ၃ ကြိမ်၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်း ၆ ကြိမ်၊ စုစုပေါင်း ၅၄ ကြိမ် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများကို လုပ်ဆောင်ခဲ့ကြောင်းတွေ့ရှိရသည်။

အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်မှုမရှိစေရေး၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစွာ မဖြစ်ပေါ်လာစေရေးနည်းလမ်းမျိုးစုံဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ ပြည်ပြေးပြည်ဖျက်မီဒီယာများက မမှန်မကန်ရေးသားထုတ်လွှင့်အသရေဖျက်ခြင်းများကို မည်ကဲ့သို့ပင် လုပ်ဆောင်ခဲ့ကြသည်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားထောက်ခံသူပြည်သူလူထုမဲဆန္ဒရှင်များအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၊ သံတမန်များ၊ သတင်းမီဒီယာများနှင့် ကိုယ်တိုင်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ရှေ့မှောက်တွင် လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အောင်မြင်ပြီးမြောက်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ပါ၍ ဆက်လက်ကျင်းပသွားရမည့် ရွေးကောက်ပွဲအပိုင်း(၂)နှင့်အပိုင်း(၃)တို့တွင်လည်း မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများဆုံးရှုံးမှုမရှိစေရေး၊ လုံခြုံစိတ်ချမှုအပြည့်ဖြင့် ဆန္ဒမဲများပေးနိုင်ရေး နိုင်ငံတော်အစိုးရ၊ လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ယဉ်ကျေးသိမ်မွေ့သောနည်းလမ်းဖြင့် ပါတီစုံဒီမိုကရေစီစနစ်သို့ ဆက်လက်လျှောက်လှမ်းနိုင်ရေးအတွက် ဒီမိုကရေစီကိုထောက်ခံကြိုဆိုကြသည့်၊ နိုင်ငံအဝန်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားသည့်တာဝန်သိပြည်သူများအနေဖြင့်လည်း အကြမ်းဖက်သမားများ၏လှုပ်ရှားမှုသတင်းများ၊ သံသယဖြစ်ဖွယ်ရာများကိုတွေ့ရှိရပါက တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် မြဝတီသတင်းစာမှ တိုက်တွန်းသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

# ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက် ဖူးစားပြောင်း အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဟသ်ာတ ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဒေသထွက်ဖူးစားပြောင်း အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟသ်ာတမြို့နယ်၌ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နှင်းနှင်းအေး၏ပြောဆိုချက်အရ သိရသည်။




ဟသ်ာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်းက ဒေသထွက်ဖူးစားပြောင်းအဖူးရေ ၅၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်မှ ၂၅ ရက်အထိ သုံးပတ်ကျော်ကာလအတွင်း အဖူးရေ ၇၅၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဟသ်ာတမြို့နယ်က ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေလို့ တင်ပို့ရောင်းချအားတက်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေ များများတင်ပို့ရောင်းချနေရတော့ စိုက်ပျိုးသူတွေရော ကုန်သည်တွေပါ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်လာပါတယ်"ဟု ဒေါ်နှင်းနှင်းအေးကပြောသည်။

ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကုလသမဂ္ဂအနေဖြင့် ကမ္ဘာ့ပဋိပက္ခများ ဖြေရှင်းရာတွင် ၎င်း၏အခန်းကဏ္ဍကို ပြန်လည်ရယူရန် လိုအပ်

**နယူးယောက်၊ နိုင်ငံရေး**

ကမ္ဘာတစ်ဝန်း၌ ဖြစ်ပွားနေသော ပဋိပက္ခများကိုဖြေရှင်းရာတွင် ကုလသမဂ္ဂ၏ ပါဝင်ပတ်သက်မှုမှာ အလွန်အားနည်းနေသဖြင့် ကုလသမဂ္ဂအနေဖြင့် ၎င်း၏အဓိကကျသောအခန်းကဏ္ဍကိုပြန်လည်ရယူရမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA) အကြီးအကဲ ရာဖေးဂရောဆီက ဒီဇင်ဘာလ ၂၉ ရက်တွင် တိုက်တွန်းထားသည်။

ကုလသမဂ္ဂသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းရန် ဖွဲ့စည်းထားသည့်အဖွဲ့အစည်းဖြစ်သော်လည်း လတ်တလောဖြစ်ပွားနေသည့် ကြီးမားသော စစ်မက်ဖြစ်ပွားမှုများနှင့် အငြင်းပွားမှုများကိုကိုင်တွယ်ဖြေရှင်းရာတွင် ထိရောက်သော အကျိုးသက်ရောက်မှုမရှိဖြစ်နေသည်ကိုတွေ့ရကြောင်း ဂရောဆီက ၎င်း၏မိန့်ခွန်းအတွင်း ထည့်သွင်းပြောခြင်းဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် အားနည်းချက်ကို ပြုပြင်ပြီး ကမ္ဘာ့ရေးရာများတွင် ပြန်လည်ဦးဆောင်ရန်လိုအပ်ကြောင်း ၎င်းကအလေးပေးပြောထားသည်။ **Ref: Sputnik**

# ယူကရိန်းငြိမ်းချမ်းရေး ဆွေးနွေးမှုများ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဟု ရုရှားအတည်ပြု

**မော်စကို၊ ငြိမ်းချမ်းရေး**

ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ရေး လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများသည် နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဟူသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ပြောဆိုချက်မှာ မှန်ကန်ကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဒီဇင်ဘာလ ၂၉ ရက်တွင် အတည်ပြုပြောသည်။

သမ္မတထရမ့်သည် ဒီဇင်ဘာလ ၂၈ ရက်တွင် မိုင်ယာမီမြို့၌ ယူကရိန်းသမ္မတ ဇီလန်စကီနှင့်တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် ငြိမ်းချမ်းရေးရယူနိုင်မည့် အဆိုပြုချက်များအတွက် ဆွေးနွေးပွဲကို လက်ခံကျင်းပသည်။ ယင်းနောက် ကမ္ဘာကြီးသည် ငြိမ်းချမ်းရေးနှင့် အလွန်နီးစပ်နေပြီဖြစ်ကြောင်း ထရမ့်၏ အခိုင်အမာ ပြောဆိုချက်နှင့်ပတ်သက်၍ မေးမြန်းရာတွင် ပက်စကော့က "တကယ့်ကိုအမှန်ပါပဲ"ဟုပြန်ဖြေခဲ့ခြင်းဖြစ်သည်။ **Ref: RT**

# ထိုင်းနှင့်ကမ္ဘောဒီးယား နယ်စပ်အပစ်အခတ်ရပ်စဲရေး ပိုမိုခိုင်မာစေရေးလုပ်ဆောင်ရန် တရုတ်နိုင်ငံ၌ညှိနှိုင်းသဘောတူ



**ပေကျင်း၊ ငြိမ်းချမ်းရေး**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြုလုပ်သော တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယားသုံးနိုင်ငံ ဆွေးနွေးပွဲ၌ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က နယ်စပ်ဒေသအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ပိုမိုခိုင်မာစေရေး လုပ်ဆောင်သွားရန်သဘောတူကြောင်း သိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်တို့နှင့်တွေ့ဆုံ၍ နယ်စပ်တိုက်ပွဲများထပ်မံမဖြစ်ပွားစေရေး အလေးထားဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသည် ဒီဇင်ဘာလ ၂၇ ရက်တွင် နယ်စပ်၌ နှစ်နိုင်ငံတာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ ထို့နောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးက ယခုရရှိထားသောအပစ်အခတ်ရပ်စဲရေးသည်ရခဲလှသော အခွင့်အရေးဖြစ်သဖြင့် ၎င်းကိုအဆုံးထိဆုပ်ကိုင်ထားရန် တိုက်တွန်းထားသည်။

ပြင်းထန်သော နှစ်နိုင်ငံနယ်စပ်တိုက်ပွဲများကြောင့် လူပေါင်း ၁၀၀ ကျော်သေဆုံးပြီး ဒေသခံပြည်သူ ငါးသိန်းကျော် နေရပ်စွန့်ခွာထွက်ပြေးရသည့်အတွက် ဒေသတွင်းတည်ငြိမ်ရေးက အလွန်အရေးကြီးသောအချက်ပင်ဖြစ်သည်။ ရရှိထားသောသဘောတူညီချက်အရ နှစ်နိုင်ငံစလုံးသည် တပ်ဖွဲ့ဝင်များကို လက်ရှိနေရာများ၌ပင် ဆက်လက်ထားရှိမည်ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

# ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးပြည်နယ်၌ ကြက်ငှက်တုပ်ကွေး ရောဂါကူးစက်မှု ထပ်မံဖြစ်ပွား

**တိုကျို၊ ရောဂါကူးစက်မှု**

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးပြည်နယ်ရှိ မွေးမြူရေးခြံတစ်ခုတွင် ပြင်းထန်သော ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနေကြောင်း မျိုးရိုးဗီဇဆိုင်ရာစမ်းသပ်ချက်များအရ အတည်ပြုနိုင်ခဲ့သည်ဟု ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။ အဆိုပါကူးစက်မှုသည် ယခုနှစ်အတွင်း ဂျပန်နိုင်ငံ၌ ၁၁ ကြိမ်မြောက် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခြင်းဖြစ်သည်။

စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ အဆိုပါရောဂါကူးစက်မှုက ဟော့ကိုင်းဒိုးပြည်နယ် ယူနီမြို့ရှိ ကြက်မွေးမြူရေးခြံတစ်ခုတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ဥစားကြက် အကောင်ရေ ၆၀၀၀ ကျော်ကို သုတ်သင်သွားမည်ဖြစ်ပြီး မွေးမြူရေးခြံမှ သုံးကီလိုမီတာပတ်လည်ကိုပိတ်ထားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ဟုသိရသည်။ **Ref: Xinhua**

# အင်ဒိုနီးရှားနိုင်ငံ မာနာဒိုမြို့ရှိ ဘိုးဘွားရိပ်သာတစ်ခု မီးလောင်၊ လူ ၁၆ ဦးသေဆုံး



**မာနာဒို၊ မီးလောင်မှု**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်၏မြို့တော်ဖြစ်သော မာနာဒိုမြို့ရှိ ဘိုးဘွားရိပ်သာတစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ လူ ၁၆ ဦးသေဆုံးကြောင်းနှင့် ရုပ်အလောင်းများကို မည်သူမည်ဝါဖြစ်ကြောင်းအတည်ပြုနိုင်ရန် ရဲတပ်ဖွဲ့က လုပ်ဆောင်လျက်ရှိကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာလ ၂၉ ရက်တွင်ထုတ်ပြန်သည်။

မီးလောင်မှုသည် ဒီဇင်ဘာလ ၂၈ ရက် ည ၈ နာရီ ၃၆ မိနစ်ခန့်တွင် မာနာဒိုမြို့ ပါဒူးအရပ်ရှိ ပန်တီဝါဒါဒါမိုင်းဘိုးဘွားရိပ်သာ၌ ဖြစ်ပွားခြင်းဖြစ်သည်။ ထို့နောက် မီးသတ်တပ်ဖွဲ့မှမီးသတ်ကားသုံးစီးရောက်ရှိလာပြီး ည ၉ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်သည်။

မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသည်နှင့်တစ်ပြိုင်နက် ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာကို ဝိုင်းဝန်းပိတ်ဆို့ကာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီသည်။ အသက်ရှင်ကျန်ရစ်သူများကို မာနာဒိုမြို့ရှိဆေးရုံများသို့ ပို့ဆောင်ပေးပြီး သေဆုံးသူများကိုမူ ရုပ်အလောင်းစစ်ဆေးရန် လွှဲပြောင်းပေးသည်။

လက်ရှိတွင် ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားရာနေရာကိုစစ်ဆေးခြင်း၊ သက်သေများကို မေးမြန်းခြင်းများပြုလုပ်၍ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **Ref: Xinhua**

# ထိုင်ဝမ်ကျွန်းအရေးတွင် တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို ရုရှားထောက်ခံ

**မော်စကို၊ နိုင်ငံရေး**

ထိုင်ဝမ်ကျွန်းအရေးသည် တရုတ်နိုင်ငံ၏ ပြည်တွင်းရေးသာဖြစ်ပြီး အဆိုပါကိစ္စရပ်တွင် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ရုရှားနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ကပြောသည်။

၂၀၀၁ ခုနှစ်တွင် လက်မှတ်ရေးထိုးထားသည့် "ရုရှား-တရုတ် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်" အရ နှစ်နိုင်ငံစလုံးသည် အချုပ်အခြာအာဏာကာကွယ်ရေးအတွက် အပြန်အလှန်ကူညီပံ့ပိုးရန် ကတိကဝတ်ပြုထားပြီးဖြစ်ကြောင်း လက်ရော့က အလေးပေးပြောဆိုသည်။

ရုရှားနိုင်ငံက "တရုတ်တစ်နိုင်ငံတည်း" မူဝါဒကို အစဉ်တစိုက်လိုက်နာလျက်ရှိပြီး ထိုင်ဝမ်ကျွန်းကို သီးခြားလွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုထားခြင်း မရှိပေ။

ယခုကဲ့သို့ ရုရှားနိုင်ငံ၏ ထုတ်ဖော်ပြောဆိုချက်သည် အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏မဟာမိတ်နိုင်ငံများက ထိုင်ဝမ်ကျွန်းအရေးတွင် တရုတ်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုများအပေါ် သတိပေးချက်များ ထုတ်ပြန်နေစဉ်ထွက်ပေါ်လာခြင်းဖြစ်ပြီး နှစ်နိုင်ငံကြား မဟာဗျူဟာမြောက်မဟာမိတ်ဖွဲ့မှုကို ပိုမိုခိုင်မာစေသည့်အပြင် အနောက်အုပ်စု၏ ဖိအားပေးမှုများကို စုပေါင်းတုံ့ပြန်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: RT**



# ဗလငါးတန်ပြည့်စုံဖို့ စာကြည့်တိုက်ကိုသွားကြစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

**"မျိုးဆက်သစ်လူငယ်များသည် တိုင်းပြည်၏အနာဂတ်ပင်ဖြစ်သည်။ အနာဂတ်တွင် သုတ၊ ရသ စာပေမျိုးစုံကို ဖတ်ရှုထားသောလူငယ်များသာလျှင် ဦးဆောင်မှုနေရာကို ရပ်တည်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်အားလုံးအနေဖြင့် ဗလငါးတန်ပြည့်စုံရေးအတွက် စာကြည့်တိုက်များသို့သွားရောက်ကာ တန်ဖိုးရှိသော စာကောင်းပေမွန်များကို အကျိုးရှိစွာ ဖတ်မှတ်သွားနိုင်ရန် စစ်မှန်သောစေတနာဖြင့်ဆန္ဒပြု . . ."**

မျိုးဆက်သစ်လူငယ်များသည် လူမှုအသိုက်အဝန်းနှင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ပြည့်စုံပြီး လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်ကို အကျိုးပြုမည့် နိုင်ငံ့သားကောင်းသမီးမွန်များဖြစ်လာစေရန် ကျောင်းစာအပြင် ပြင်ပဗဟုသုတများပြည့်စုံနိုင်ရန် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုသွားရန်လိုအပ်သည်။

**စာရိတ္တကောင်းမွန်ရေး**

မျိုးဆက်သစ်လူငယ်များသည် ဗလငါးတန်နှင့် ပြည့်စုံနေမှသာလျှင် လူမှုအသိုက်အဝန်းနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် စာရိတ္တသည် လူသားအားလုံးအတွက်များစွာအရေးပါလျက်ရှိသည်။ ကျွန်တော်တို့၏ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသည် လူသားများအကျင့်စာရိတ္တမြင့်မားရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက် ကုသိုလ်နှင့်အကုသိုလ်တို့၏ အကျိုးအပြစ်များကို ခွဲခြားဟောကြားတော်မူသည်။ အထူးသဖြင့် သီလစောင့်ထိန်းရန်တိုက်တွန်းဟောကြားတော်မူခဲ့သည်။

ထို့ပြင် သီတဂူဆရာတော်ကြီးကလည်း "Character is Power " ဟူ၍ ဟောကြားတော်မူထားသည်။ လူတစ်ဦးသည်အကျင့်စာရိတ္တဟူသော ကိုယ်ကျင့်တရားသာကောင်းမွန်နေမည်ဆိုလျှင် အဘက်ဘက်မှ ပြည့်စုံနေမည်ဖြစ်သည်။ စာရိတ္တကောင်းမွန်သောသူသည် မိသားစု၊

**"စာဖတ်သူသည် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ခွဲခြားဆန်းစစ်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောသူများသည် နှလုံးသားနူးညံ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတ္တနည်းပါးကြသည်။ အပြုသဘောဆောင်စွာ တွေးခေါ်တတ်ကြသည်။ လူကြီးမိဘများအပေါ် သိတတ်ကြသည်။ လူ့အသိုက်အဝန်းကို အကျိုးပြုလိုစိတ်ရှိကြသည်။ အထူးသဖြင့် စာဖတ်သောသူများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြသည်။"**

လူ့အသိုက်အဝန်းနှင့် နိုင်ငံတော်ကိုအကျိုးပြုနိုင်မည်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် စာရိတ္တယိုယွင်းသောသူသည် လူ့အသိုက်အဝန်းကို အန္တရာယ်ပြုနိုင်သည်။ ထို့ကြောင့် စာရိတ္တသည် လူတစ်ဦးအတွက် အသက်တမျှပင်အရေးပါလျက်ရှိသည်။

မျိုးဆက်သစ်လူငယ်များသည် ဗလငါးတန်ပြည့်စုံနေရန်အတွက် ကျောင်းသင်ခန်းစာများ ထူးချွန်နေရန်အပြင် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရန်၊ ယဉ်ကျေးလိမ္မာရန်၊ သူငယ်ချင်းများနှင့် ခင်မင်ရင်းနှီးစွာဆက်ဆံနေထိုင်တတ်စေရန်၊ စာရိတ္တကောင်းမွန်၍ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် ဆောင်ရွက်တတ်စေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူကြိုးပမ်းနေရန် လိုအပ်သည်။ အထူးသဖြင့် စာကောင်းပေမွန်များ၊ သုတ၊ ရသစာပေများကိုဖတ်မှတ်သွားရန်လိုအပ်သည်။ မြန်မာ့သမိုင်းတွင် တိုင်းပြည်တည်ဆောက်ရေး၌ ဦးဆောင်ခဲ့သူများသည် စာဖတ်အားကောင်းသူများပင်ဖြစ်သည်။

**နေ့စဉ်စာဖတ်ရန်လို**

"စာပေမြင့်မှလူမျိုးတင့်မည်" ဆိုသောစကားသည် နိုင်ငံတစ်နိုင်ငံရှိ ပြည်သူလူထုတစ်ရပ်လုံးစာဖတ်ရှုနိုင်ရန်မြှင့်တင်နိုင်ရေးအတွက် တိုက်တွန်းထားသောဆောင်ပုဒ်ပင်ဖြစ်သည်။ "စာအုပ်စာပေလူ့မိတ်ဆွေ"၊ "အလိမ္မာစာမှာရှိ"၊ "ပညာရွှေအိုး လူမခိုး"၊ "အလှအတွက်မှန်ကြည့်သလို ဘဝအတွက်စာဖတ်ပါ"ဆိုသော ဆောင်ပုဒ်များသည်မျိုးဆက်သစ်လူငယ်တစ်ဦး၏ဘဝတိုးတက်အောင်မြင်ရေးတွင် မရှိမဖြစ်အရေးပါလှသော ဗဟုသုတ၊ အသိပညာနှင့် အတွေးအခေါ်တို့ကို စာအုပ်စာပေများမှသာ တူးဆွရှာဖွေရရှိနိုင်သည်။ သို့သော် မျက်မှောက်ခေတ်တွင်မူ လူကြီး၊ လူလတ်၊ လူငယ်အားလုံးသည် စာဖတ်နှုန်းတဖြည်းဖြည်း ကျဆင်းလာကြသည်။

ဆိုရလျှင် **"စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာမဖတ်သည့်သူသည် ရပ်နေသည့်လူနှင့်တူကြောင်းနှင့် စာတတ်ပြီးစာလည်းဖတ်သည့်သူသည် လမ်းလျှောက်နေသည့်လူနှင့်တူကြောင်း" ဆိုသောစကားသည် ဘဝတိုးတက်အောင်မြင်ရေးအတွက် စာကောင်းပေမွန်များဖတ်ရှုသွားရန်လိုအပ်ကြောင်းကို တိုက်တွန်းထားခြင်းပင်ဖြစ်သည်။** စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့်ကြုံတွေ့နေရသူများစွာရှိနေသည်။ ထို့ကြောင့် လူငယ်များအပါအဝင်ပြည်သူအားလုံးအနေဖြင့် သုတ၊ ရသစာပေများကိုစဉ်ဆက်မပြတ်ဖတ်ရှုသွားရန်လိုအပ်သည်။ ဤနေရာတွင် စာကြည့်တိုက်များသည် တစ်နိုင်ငံလုံးလွှမ်းခြုံစာဖတ်နိုင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။

အမှန်တော့ မျိုးဆက်သစ်လူငယ်များအနေဖြင့် ညစဉ်အိပ်ရာမဝင်မီ ကုန်ဆုံးသွားသော တစ်နေ့တာအချိန်အတွင်း မည်သည့်ဗဟုသုတများကို လေ့လာဖတ်ရှုခဲ့သလဲဟု ပြန်လည်စဉ်းစားသုံးသပ်သင့်သည်။ စာမဖတ်ရသေးဘူးဆိုလျှင် ၁၅ မိနစ်ခန့်ဖတ်ရှုလေ့လာပြီးမှသာ အိပ်စက်အနားယူသင့်သည်။ ထို့ကြောင့် စာအုပ်ကောင်းများကို လက်တစ်ကမ်းအလို အိပ်ရာဘေးနှင့် ဧည့်ခန်းတို့တွင် အရန်သင့်ထားရှိသင့်သည်။

တိုးတက်အောင်မြင်လိုသောသူများသည် အရှိန်အဟုန်ဖြင့်ပြောင်းလဲတိုးတက်လျက်ရှိသော ကမ္ဘာ့ဖြစ်စဉ်ဖြစ်ရပ်များအား အချိန်မီသိရှိနိုင်ရန်၊ ဗဟုသုတရှာမှီးရန်၊ အသိပညာတိုးပွားစေရန်၊ အတွေးအခေါ်မြင့်မားစေရန်နှင့် စိတ်အာဟာရဖြည့်ဆည်းရန်တို့အတွက် စာအုပ်စာပေများကို နေ့စဉ်ဖတ်ရှုလေ့လာနေကြရသည်။ စာဖတ်လိုစိတ်များသော မိသားစုများ၊ လူ့အသိုက်အဝန်းများနှင့် နိုင်ငံများသည် ပဋိပက္ခများလျှော့ချနိုင်ပြီး လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အသိုက်အဝန်းကြီးတစ်ခုလုံး တိုးတက်မှုကိုဖော်ဆောင်နိုင်ကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် စာဖတ်လိုစိတ်နည်းသောသူများဖြင့် ဖွဲ့စည်းထားသောလူ့အသိုက်အဝန်း တစ်ခုသည် ရေရှည်တွင်ဆုတ်ယုတ်မှု၊ ဆင်းရဲမှု၊ ပဋိပက္ခများကြီးထွားလာမှုတို့နှင့်သာ ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

စာဖတ်ခြင်းသည် လူတစ်ဦးတိုးတက်စေရန် အကောင်းဆုံးအလေ့အထပင်ဖြစ်သည်။ ကြီးပွားတိုးတက်သူအများစုသည် စာဖတ်သူများဖြစ်ကြသည်။ စာကောင်းပေမွန်များကိုဖတ်ရှုပြီး သတင်းအချက်အလက်နှင့် ဗဟုသုတများစုဆောင်းကာ ဘဝတိုးတက်မှုအတွက် အကျိုးရှိစွာအသုံးချနိုင်သည်။ ကမ္ဘာ့ခေါင်းဆောင်များ၊ ထင်ရှားကျော်ကြားသူများနှင့် သူဌေးကြီးများသည် အတွေးအခေါ်များကို စာအုပ်

**"ကျောင်းစာကြည့်တိုက်များကို အချိန်ပြည့်ဖွင့်ပေးထားသင့်သည်။ ကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို ဗဟုသုတဖြစ်ဖွယ်စာအုပ်များ ငှားရမ်းပေးသင့်သည်။ လစဉ် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဆိုလျှင် မျိုးဆက်သစ်လူငယ်များ၏ စာဖတ်နှုန်းသည် သိသိသာသာတိုးတက်လာမည်ဖြစ်သည်။"**

ထဲမှရှာဖွေကြသည်။ စာဖတ်ခြင်းသည် လူတစ်ဦးကို စိတ်ချမ်းမြေ့မှု၊ ဖျော်ဖြေမှု၊ ပညာပေးမှုနှင့် တိုးတက်မှုများကိုပေးစွမ်းနိုင်သည်။

စင်စစ်အားဖြင့် **တိုးတက်သောနိုင်ငံများမှနိုင်ငံသားများသည် စာဖတ်အားကောင်းကြသည်။ ခရီးသွားနေသည့်အချိန်မျိုးမှာပင်လျှင် လက်ထဲ၌စာအုပ်တစ်အုပ်ကိုင်ထားလေ့ရှိကြသည်။ လေဆိပ်နှင့် ဘူတာရုံများတွင် ခရီးတစ်ထောက်နားသည့်အချိန်မျိုး၌ပင်လျှင် စာအုပ်ဖတ်နေတတ်ကြသည်။ လေယာဉ်၊ ရထား၊ ကား၊ သင်္ဘောများပေါ်ရောက်သည်နှင့် စာအုပ်ဖွင့်ကာဖတ်ရှုကြသည်။ အောင်မြင်သူအများစုသည် ၎င်းတို့၏အချိန် ၈၀ ရာခိုင်နှုန်းခန့်ကိုစာဖတ်ခြင်းဖြင့် ကုန်ဆုံးလေ့ရှိကြသည်။ ပုံမှန်စာဖတ်သူများသည်ကြွယ်ဝချမ်းသာပြီး အောင်မြင်မှုများစွာကို ပိုင်ဆိုင်ထားလေ့ရှိကြသည်။**

**အကျိုးကျေးဇူးများပြား**

စာဖတ်ခြင်းသည် အာရုံစူးစိုက်မှုစွမ်းဆောင်ရည်မြင့်တက်လာစေသည်။ သုတ၊ ရသမည်သည့်စာအုပ်ကိုဖတ်ရှုသည်ဖြစ်စေ စာဖတ်ခြင်းသည် ဗဟုသုတကြွယ်ဝစေသည်။ စာဖတ်ခြင်းသည် စိတ်ခွန်အားဖြစ်ပြီး အခက်အခဲများကိုကျော်လွှားနိုင်စေသည်။ စာအုပ်များသည် စာရေးသူတို့အား ကမ္ဘာ့နေရာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ အလေ့အထပေါင်းစုံတို့နှင့်မိတ်ဆက်ပေးနိုင်သည်။ ထို့ကြောင့် တခြားသူများ၏ ယဉ်ကျေးမှု၊ အလေ့အထနှင့် ရိုးရာအစဉ်အလာတို့ကို နားလည်ခံစားနိုင်မည်ဖြစ်သည်။

အမှန်တော့စာဖတ်ခြင်းသည် တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတများရရှိခြင်း၊ ဦးနှောက်ကိုရင့်ကျက်အောင်လေ့ကျင့်ပေးနိုင်ခြင်း၊ စိတ်အပန်းပြေခြင်း၊ ပေါင်းသင်းဆက်ဆံမှုစွမ်းရည်တိုးတက်လာခြင်း၊ စိတ်ခွန်အားတိုးတက်လာခြင်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းတိုးတက်လာခြင်း၊ ခွဲခြမ်းစိတ်ဖြာဆန်းစစ်နိုင်စွမ်းမြင့်မားလာခြင်း၊ စိတ်ရှည်သည်းခံနိုင်မှုစွမ်းအားမြင့်မားလာခြင်း၊ စိတ်ကူးစိတ်သန်းကောင်းမွန်လာခြင်း စသည်ဖြင့်များစွာသောအကျိုးကျေးဇူးများကိုရရှိစေသည်။ သာဓကအနေဖြင့် နေ့စဉ်ထုတ်သတင်းစာတစ်စောင်လောက်ကို ပုံမှန်ဖတ်သူသည် တခြားသူများထက် ဗဟုသုတပိုမိုကြွယ်ဝလာပြီး မျက်မှောက်ပကတိအခြေအနေမှန်များကိုသိရှိနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် **စာအုပ်စာပေများသည် လူသားတို့၏မိတ်ဆွေများဖြစ်ကြသည်။ မျိုးဆက်သစ်လူငယ်များသည် စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ဖတ်ရှုလေ့လာခြင်းအားဖြင့် ဗဟုသုတများကြွယ်ဝလာမည်ဖြစ်သည်။ ထိုဗဟုသုတများမှသည်အကောင်းနှင့်အဆိုး၊ အကျိုးနှင့်အပြစ်၊ အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားနိုင်သည့် ဉာဏ်ပညာအဆင့်အထိ တိုးတက်လာမည်ဖြစ်သည်။ စာဖတ်အားများသော လူငယ်များပေါများသည့်နိုင်ငံသည် တိုးတက်ရန်အခွင့်အလမ်းကောင်းများရှိနေမည်မှာ ဧကန်မုချပင်ဖြစ်သည်။ အမှန်တော့နေ့စဉ်စာဖတ်နေခြင်းသည် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ လူမှုဘဝမြင့်မားရေးအတွက် စာကောင်းပေမွန်များ စဉ်ဆက်မပြတ်ဖတ်ရှုနေရန်လိုအပ်သည်။**

ဆိုရလျှင် စာဖတ်သူသည် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ခွဲခြားဆန်းစစ်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာဖတ်သောသူများသည် နှလုံးသားနူးညံ့ကြသည်။ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာစိတ်ရှိကြသည်။ အတ္တနည်းပါးကြသည်။ အပြုသဘောဆောင်စွာတွေးခေါ်တတ်ကြသည်။ လူကြီးမိဘများအပေါ်သိတတ်ကြသည်။ လူ့အသိုက်အဝန်းကိုအကျိုးပြုလိုစိတ်ရှိကြသည်။ အထူးသဖြင့် စာဖတ်သောသူများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုကြသည်။

**စာမျက်နှာ ၂၆ သို့ ➲**

➲ စာမျက်နှာ ၂၅ မှအဆက်

**မျိုးဆက်သစ်လူငယ်များအနေဖြင့် ငယ်စဉ်ကတည်းက စာကောင်းပေမွန်များနှင့် ရင်းနှီးကျွမ်းဝင်နေမည်ဆိုလျှင် ကိုယ်ပိုင်အနာဂတ်ကို ပုံဖော်ထုဆစ်တည်ဆောက်နိုင်စွမ်းရှိပြီး တိုးတက်မှုကိုရှာဖွေနိုင်ကြမည်ဖြစ်သည်။ ဘဝခရီးလမ်းတွင် ကြုံတွေ့ရနိုင်သည့် ကျရှုံးမှုများ၊ အခက်အခဲများကို ကျော်လွှားနိုင်သည့်နည်းလမ်းများကို စာအုပ်စာပေများမှတူးဆွရှာဖွေနိုင်သည်။ ထို့ပြင် အရေးကြီးသောဆုံးဖြတ်ချက်များကိုလည်း တွေဝေမှုမရှိဘဲ ချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။**

**ကျောင်းစာကြည့်တိုက်များ**

အထူးသဖြင့် မျိုးဆက်သစ်များသည် ကျောင်းပိတ်ရက်များတွင် မိဘအုပ်ထိန်းသူများ၊ သူငယ်ချင်းများနှင့်အတူ စာကြည့်တိုက်သွားပြီး စာဖတ်၊ စာအုပ်ရှာ၊ စာအုပ်ငှားသည့် အလေ့အထကို မွေးမြူထားသင့်သည်။ စာကြည့်တိုက်များတွင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အသက်အရွယ်ပေါင်းစုံတို့အတွက် စာအုပ်မျိုးစုံရှိသည်။ အမှန်တော့ ကျောင်းစာကြည့်တိုက်များသည် ကျောင်းနေအရွယ် ကလေးငယ်များ စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရေးတွင် များစွာအရေးပါလျက်ရှိသည်။ တတ်နိုင်ပါက ကျောင်းစာကြည့်တိုက်များတွင် မျိုးဆက်သစ်လူငယ်များ ကြိုက်နှစ်သက်သည့် ရုပ်ပြစာအုပ်စာစောင်များ၊ ပုံပြင်စာအုပ်များ၊ ဉာဏ်စမ်းစာအုပ်များ၊ တက်ကျမ်းစာအုပ်များ စသည်ဖြင့် ကဏ္ဍစုံစွာ တင်ထားသင့်သည်။

ကျောင်းစာကြည့်တိုက်များသည် ကျောင်းသား၊ ကျောင်းသူများ၏ အရွယ်၊ အတန်းတို့နှင့်ကိုက်ညီသည့် စာကောင်းပေမွန်များ ပြည့်စုံစွာ ထားရှိပေးရန်နှင့် ကလေးများ၏စိတ်ဝင်စားမှုရရှိစေရန်အတွက်လည်း ပုံမှန်စာကြည့်တိုက်၏ လှုပ်ရှားမှုများပြုလုပ်ပေးရန်လိုသည်။ ကျောင်းစာကြည့်တိုက်များသည် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာအပြင် ပြင်ပဗဟုသုတများဖြန့်ဝေပေးရာ ပင်မနေရာများ ဖြစ်သင့်သည်။

ထို့ပြင်ကျောင်းစာကြည့်တိုက်များကို အချိန်ပြည့်ဖွင့်ပေးထားသင့်သည်။ ကျောင်းပိတ်ရက်များတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို ဗဟုသုတဖြစ်ဖွယ်စာအုပ်များငှားရမ်းပေးသင့်သည်။ လစဉ် စာဖတ်စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကာတွန်း၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများကျင်းပပေးမည်ဆိုလျှင် မျိုးဆက်သစ်လူငယ်များ၏ စာဖတ်နှုန်းသည် သိသိသာသာတိုးတက်လာမည်ဖြစ်သည်။ သာဓကအနေဖြင့် ဟားဗတ်တက္ကသိုလ်ရှိစာကြည့်တိုက်တွင် နံနက် ၃ နာရီထိ စာဖတ်သူများရှိနေသည်ဟုဆိုသည်။ ထို့ကြောင့်လည်း တိုးတက်အောင်မြင်နေခြင်းဖြစ်သည်။

**ဗလငါးတန်ပြည့်စုံဖို့ စာကြည့်တိုက်ကိုသွားကြစို့**

စာဖတ်ခြင်းသည် အသက်အရွယ်ပေါင်းစုံကို အရည်အသွေးတိုးတက်စေခြင်း၊ သတင်းအချက်အလက်သိရှိနိုင်ခြင်း၊ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်နိုင်သည့်အပြင် လုပ်ငန်းတာဝန်အပေါ်တွင်လည်း အာရုံစူးစိုက်နိုင်စေသည်။ စာဖတ်ခြင်းသည် လူတစ်ဦးကိုမတူညီသော ရှုထောင့်ပေါင်းစုံမှတွေးခေါ်မြော်မြင်နိုင်စေသည်။ ထို့ကြောင့် စာဖတ်သူတစ်ဦးသည်အကန့်အသတ်မရှိလေ့လာနိုင်သဖြင့် အသိပညာဗဟုသုတ ပိုမိုကြွယ်ဝလာကာ တိုးတက်မှုများပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သည်။

လူတစ်ဦးချင်းစီ၏ စာဖတ်နှုန်းတိုးတက်လာမှုကြောင့် လူ့အဖွဲ့အစည်းအတွင်း ဒုစရိုက်လုပ်ငန်းများလျော့ကျလာနိုင်သည့်အပြင် တိုင်းပြည်တိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုစေသည်။ စာကောင်းပေမွန်များဖတ်ရှုမှတ်သားလေ့လာမှု အားကောင်းသူများဖြင့်သာ စုစည်းတည်ဆောက်ထားသောလူ့အသိုက်အဝန်းသည် တစ်နေ့တခြားတိုးတက်မှုရှိနေမည်မှာ ငြင်းဆို၍မရသောပကတိအရှိတရားပင်ဖြစ်သည်။ အထူးသဖြင့် စာပေဝါသနာထုံသော လူငယ်များသည်ဘဝပန်းတိုင်အတွက် အခက်အခဲများကိုကျော်လွှားရာတွင် မှန်ကန်စွာချင့်ချိန်ဆုံးဖြတ်နိုင်စွမ်းရှိကြသည်။ စာကောင်းပေမွန်များသည် မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ဘဝပြောင်းလဲတိုးတက်မှုကိုဖော်ဆောင်ရာ၌ များစွာအရေးပါလျက်ရှိသည်။

**အမှန်တော့ ခေတ်မီတိုးတက်သော အနာဂတ်အမိမြန်မာနိုင်ငံတော်ကြီးကို မျိုးဆက်သစ်လူငယ်များစုပေါင်းအားဖြင့် စုစည်းတည်ဆောက်သွားမည်ဆိုလျှင် တိုးတက်မှုရှိနေမည်မှာ ငြင်းဆို၍မရသောပကတိအရှိတရားပင်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များသည် တိုင်းပြည်၏အနာဂတ်ပင်ဖြစ်သည်။ အနာဂတ်တွင် သုတ၊ ရသ စာပေမျိုးစုံကိုဖတ်ရှုထားသော လူငယ်များသာလျှင် ဦးဆောင်မှုနေရာကို ရပ်တည်နိုင်မည်ဖြစ်သည်။** ထို့ကြောင့် မျိုးဆက်သစ်လူငယ်အားလုံးအနေဖြင့် ဗလငါးတန်ပြည့်စုံရေးအတွက် စာကြည့်တိုက်များသို့ သွားရောက်ကာ တန်ဖိုးရှိသောစာကောင်းပေမွန်များကို အကျိုးရှိစွာ ဖတ်မှတ်သွားနိုင်ရန် စစ်မှန်သောစေတနာဖြင့် ဆန္ဒပြုရေးသားအပ်ပါသည်။ ။

## အမြတ်ဆုံးရတနာ စာပေပါ

✍ စာပေဂုဏ် တန်ဖိုးထား
လေးစားလို့ထိန်းသိမ်းပါ။
လောကအလယ် ဂုဏ်ပန်းလှ
ချီမြှင့်ကြသည်သာ။
နိုင်ငံအတွက် အားထားရာ
ရတနာ အမြတ်ဆုံး။
အမှောင်တွေ ကွယ်ကာပျောက်
မှတ်ကျောက်သီကုံး။

✍ စာပေမြင့်လျှင် လူမျိုးမြင့်သမို့
ဂုဏ်တင့်လို့ ရဲရင့်သည်။
စည်းကမ်းကြွယ် စနစ်ကောင်း
ခညောင်းရပ်တည်။
နိုင်ငံ့အကျိုး စွမ်းဆောင်ရည်
အောင်မြင်မည် အခွင့်အလမ်း။
ရည်မှန်းရာ ပန်းတိုင်အရောက်
ထိုးဖောက်နိုင်စွမ်း။

✍ တို့စာပေ တို့လေးစားမှ
တန်ဖိုးထားရာ ရောက်သနော်။
တိုးတက်လို စာပေဖတ်
မွန်မြတ်ရှင်ပျော်။
ဘဝခရီးလည်းထင်ပေါ်
စင်တော်သို့ ရောက်စမြဲ။
စာပေဟူ
သာစေလူ ပြည့်ခွန်အားပေးမို့
မှတ်သားရင်ထဲ။ ။

ချာန်လေး(ပညာရေး)

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ



တောင်ငူ ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုင်ဒါ အားကစားကွင်းအတွင်း၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာလ ၂၉ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်းသိရသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပွဲ၌ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ရိုးရာခြင်းအလှခတ်ပြိုင်ပွဲ၊ စက်ဘီးအပျော်စီးပွဲတော်၊ မိုက်ခရိုမာရသွန်ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲစသည့် အားကစားပြိုင်ပွဲများပါဝင်သည်။

ထို့ပြင် ဈေးဆိုင်ခန်းပေါင်း ၂၈၀ ကျော်ပါဝင်ပြီး မြန်မာနိုင်ငံအနှံ့မှ ဆယ့်နှစ်ပွဲဈေးသည်များ၊ ဒေသထွက်အစားအစာများနှင့် ကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများ၊ သနပ်ခါးတုံးများ၊ တောင်ငူဒေသထွက် အစားအစာများ၊ ပျော်ပွဲရွှင်ပွဲများ၊ လက်မှုပစ္စည်းအရောင်းပြခန်းများ အပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့်ကလေးကစားကွင်းများပါဝင်ကြောင်းသိရသည်။ (၄၁၀)

## MWD Variety Channel

၃၀-၁၂-၂၀၂၅(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | သိမှတ်ဖွယ်ရာ သုတကမ္ဘာ |
| ၂။ | ၁၁:၄၅ | တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့ |
| ၃။ | ၁၂:၄၅ | ဥပဒေမှတ်စု |
| ၄။ | ၁၄:၄၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |

## လျှပ်စစ်မီးလင်းရေး ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်း ဆောင်ရွက်ပြီးစီး

ရေကြည် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျွဲတလင်းကျေးရွာအုပ်စု တောစုကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာလ ၂၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တောစုကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ မြို့နယ်ဦးစီးမှူးကဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားကာ ကျေးရွာ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ တောစုကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို VDP စီမံကိန်းပံ့ပိုးငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၆၅၁၀၀၀၀ စုစုပေါင်းငွေကျပ် ၂၁၅၁၀၀၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ရေကြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ဇင်မာ


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၉၃၅၈၃၊ ၀၉ ၇၉၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale
၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
SHWE PHE OO
Lemon Tea
PYIN OO LWIN
NAN MYAING
2+1 coffee
KHA YAE PIN MART
REFINED SUGAR
RAW SUGAR
WHITE SUGAR
SUGARMEC

# 2025 Globe Soccer ဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာအကောင်းဆုံး အမျိုးသားကစားသမားဆုကို ဒမ်ဘီလီဆွတ်ခူး




ဒူဘိုင်း ဒီဇင်ဘာ ၂၉

ဒူဘိုင်းအားကစားကောင်စီက ချီးမြှင့်ပေးအပ်သည့် 2025 Globe Soccerဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၈ ရက်က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ ကျင်းပရာ တစ်နှစ်တာအကောင်းဆုံးအမျိုးသားကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ဒမ်ဘီလီက ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Globe Soccer ဆုပေးပွဲအခမ်းအနားကို ၂၀၁၀ ပြည့်နှစ်ကစတင်ကျင်းပခဲ့ပြီး ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုပေးပွဲအခမ်းအနားပြီးလျှင် ကစားသမားများအတွက် ခမ်းနားသည့်ဆုပေးပွဲတစ်ခုဖြစ်သည်။

Globe Soccer ဆုပေးပွဲအခမ်းအနားတွင် တစ်နှစ်တာ အကောင်းဆုံးအမျိုးသားကစားသမားဆုကို ဒမ်ဘီလီက ဗီတင်ဟာ၊ အမ်ဘတ်ပီ၊ ရာဖင်ဟာနှင့် ယာမယ်တို့ကိုကျော်ဖြတ်ပြီး ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

Globe Soccer ဆုပေးပွဲအခမ်းအနားတွင် တခြားဆုများအဖြစ် Globe Soccer တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကို ပီအက်စ်ဂျီအသင်းနည်းပြ အင်းနရစ်၊ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ဒူအီ၊ တစ်နှစ်တာအကောင်းဆုံး ကွင်းလယ်ကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာ၊ တစ်နှစ်တာအကောင်းဆုံးတိုက်စစ်ကစားသမားဆုကို ဘာစီလိုနာအသင်းမှ ယာမယ်၊ တစ်နှစ်တာအကောင်းဆုံး ကလပ်အသင်းဆုကို ပီအက်စ်ဂျီအသင်း၊ တစ်နှစ်တာအကောင်းဆုံးနိုင်ငံအသင်းဆုကို ပေါ်တူဂီအသင်း၊ အရှေ့အလယ်ပိုင်းဒေသ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုတို့က ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ယာမယ်သည် တစ်နှစ်တာအကောင်းဆုံးတိုက်စစ်ကစားသမားဆုအပြင် မာရာဒိုနာဆုကိုလည်း ဆွတ်ခူးခဲ့သည်။

အဆိုပါဆုပေးပွဲအခမ်းအနားတွင် သီးခြားပေးအပ်သည့်ဆုများအဖြစ် စပိန်လာလီဂါပြိုင်ပွဲ အကောင်းဆုံးကလပ်အသင်းဆုကို ဘာစီလိုနာအသင်း၊ စပိန်လာလီဂါအကောင်းဆုံးနည်းပြဆုကို ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်နှင့် စပိန်လာလီဂါ အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းမှ ရာဖင်ဟာတို့က ဆွတ်ခူးခဲ့ကြကြောင်း သိရသည်။ *Ref;Fabrizio Romano*

## ဘာစီလိုနာအသင်းက ခံစစ်ကစားသမား မားကို့စ်ဆီနီစီအား ခေါ်ယူရန်စီစဉ်

ဘာစီလိုနာ ဒီဇင်ဘာ ၂၉

ဘာစီလိုနာအသင်းက ယခုဘောလုံးရာသီအကုန်တွင် ဘုန်းမောက်အသင်း ခံစစ်ကစားသမား မားကို့စ်ဆီနီစီအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

မားကို့စ်ဆီနီစီသည် ၂၀၂၂ ခုနှစ်က ဗီယင်နုအသင်းမှ ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

ဘုန်းမောက်အသင်းက သက်တမ်းတိုးစာချုပ်သစ်အတွက် ကမ်းလှမ်းခဲ့သော်လည်း မားကို့စ်ဆီနီစီကိုယ်တိုင်ကပယ်ချခဲ့ပြီး ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်သာ ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းခံစစ်ပိုင်း၌ အာရှူဂျို၊ ခရစ်တန်ဆန်တို့၏အနာဂတ်မှာမရေရာဖြစ်နေပြီး အသင်းမှထွက်ခွာဖွယ်ရှိသည့်အတွက် ရာသီအကုန်တွင် ဘုန်းမောက်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည့် မားကို့စ်ဆီနီစီအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်စီစဉ်နေခြင်းဖြစ်သည်။

မားကို့စ်ဆီနီစီသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၁၇ ပွဲကစားခဲ့ပြီး ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်ထားကြောင်း သိရသည်။ *Ref;Fotmob*

# ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း နာပိုလီ ပီအက်စ်ဂျီနှင့် မန်ယူအသင်းကစားသမားဟောင်း ကာဗာနီကြေညာ

ဗျူနိုအေရိဒ် ဒီဇင်ဘာ ၂၉

ဥရောပထိပ်တန်းကလပ်အသင်းများတွင် ကစားခဲ့သည့် ဝါရင့်တိုက်စစ်ကစားသမား ကာဗာနီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူမည်ကို အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၃၈ နှစ်အရွယ် ကာဗာနီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၅ ခုနှစ်က ဥရုဂွေးကလပ် ဒါနူဘိုင်အိုအသင်းနှင့်စတင်ခဲ့ပြီးနောက် ၂၀၀၇ ခုနှစ်တွင် ပါလာမိုအသင်းသို့ ပြောင်းရွှေ့ကစားပြီး ဥရောပဘောလုံးလောကသို့ စတင်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကာဗာနီသည် ၂၀၁၀ ပြည့်နှစ်တွင် နာပိုလီအသင်းထံပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး ပြိုင်ပွဲစုံ ၁၃၈ ပွဲတွင် ၁၀၄ ဂိုးအထိသွင်းယူနိုင်ခဲ့သည်။

ကာဗာနီသည် ၂၀၁၃ ခုနှစ်က ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံပွဲပေါင်း ၃၀၁ ပွဲအထိပါဝင်ကစားခဲ့ပြီး သွင်းဂိုး ၂၀၀ အထိ သွင်းယူနိုင်ကာ ပြင်သစ်လီဂူးဖလား အပါအဝင် ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ကာဗာနီသည် ၂၀၂၀ ပြည့်နှစ်တွင် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီး မန်ယူအသင်းထံအလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကာ ပြိုင်ပွဲစုံ ၅၉ ပွဲ ပါဝင်ကစားပြီး ၁၉ ဂိုး သွင်းယူနိုင်ခဲ့သည်။ ကာဗာနီသည် ၂၀၂၂ ခုနှစ်က ဗလင်စီယာအသင်း၊ ၂၀၂၃ ခုနှစ်က ဘိုကာဂျူနီယာအသင်းသို့ အဆင့်ဆင့်ပြောင်းရွှေ့ပြီး ဘိုကာဂျူနီယာအသင်းတွင်နောက်ဆုံးကစားပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သူဖြစ်ကြောင်း သိရသည်။ *Ref;One Football*




# ကမ္ဘာ့စျေးကွက်တန်ကြေးအမြင့်ဆုံးကလပ်အသင်းစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း ထိပ်ဆုံးနေရာ၌ ဆက်လက်ရပ်တည်နေပြီး အာဆင်နယ်အသင်း အဆင့်(၂)နေရာရောက်ရှိလာ

မက်ဒရစ် ဒီဇင်ဘာ ၂၉

Transfer Market ၏ စစ်တမ်းကောက်ဖော်ပြချက်အရ ကမ္ဘာ့စျေးကွက်တန်ကြေးအမြင့်ဆုံးကလပ်အသင်းစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းက ထိပ်ဆုံးနေရာ၌ ဆက်လက်ရပ်တည်နေပြီး အာဆင်နယ်အသင်းက အဆင့်(၂)နေရာရောက်ရှိလာကြောင်း သိရသည်။

Transfer Marketက ကမ္ဘာ့စျေးကွက်တန်ကြေးအမြင့်ဆုံးကလပ်အသင်းစာရင်းကို ကလပ်အသင်းများမှကစားသမားများ၏ စျေးကွက်တန်ကြေးပေါ်အခြေခံပြီးတွက်ချက်ကာ ဖော်ပြခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့စျေးကွက်တန်ကြေးအမြင့်ဆုံး ကလပ်အသင်း ၁၀ သင်းစာရင်းတွင် ပရီးမီးယားလိဂ်မှ ကလပ်အသင်းခြောက်သင်းပါဝင်လာပြီး စပိန်လာလီဂါမှ နှစ်သင်း၊ ပြင်သစ်လီဂူးနှင့် ဂျာမန်ဘွန်ဒက်စ်လီဂါမှ ကလပ်အသင်းတစ်သင်းစီပါဝင်လာခဲ့သည်။

အစောပိုင်းနှစ်များက ရီးယဲလ်မက်ဒရစ်အသင်းနှင့် အပြိုင် စျေးကွက်တန်ကြေးအမြင့်ဆုံး ကလပ်အသင်းအဖြစ် ကာလရှည်အားပြိုင်ခဲ့သည့် မန်ယူအသင်းသည် လက်ရှိတွင် အဆင့်(၁၀)နေရာအထိကျဆင်းခဲ့သည်။

ကမ္ဘာ့စျေးကွက်တန်ကြေးအမြင့်ဆုံး ကလပ်အသင်း ၁၀ သင်းစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းက စတာလင်ပေါင် ၁ဒသမ၃၈ဘီလီယံဖြင့် အဆင့်(၁)၊ အာဆင်နယ်အသင်းက ၁ ဒသမ ၂၉ ဘီလီယံဖြင့် အဆင့်(၂)၊ မန်စီးတီးအသင်းက ၁ ဒသမ ၁၉ ဘီလီယံဖြင့် အဆင့်(၃)၊ ပီအက်စ်ဂျီအသင်းက ၁ ဒသမ ၁၉ ဘီလီယံဖြင့် အဆင့်(၄)၊ ချယ်လ်ဆီးအသင်းက ၁ ဒသမ ၁၉ ဘီလီယံဖြင့် အဆင့်(၅)၊ ဘာစီလိုနာအသင်းက ၁ ဒသမ ၁၂ ဘီလီယံဖြင့် အဆင့်(၆)၊ လီဗာပူးအသင်းက ၁ ဒသမ ၀၄ ဘီလီယံဖြင့် အဆင့်(၇)၊ ဘိုင်ယန်မြူးနစ်အသင်းက ၉၈၀ ဒသမ ၆၅ သန်းဖြင့် အဆင့်(၈)၊ စပါးအသင်းက ၈၇၈ ဒသမ ၅ သန်းဖြင့် အဆင့်(၉)နှင့် မန်ယူအသင်းက ၇၁၉ ဒသမ ၁၅ သန်းဖြင့် အဆင့်(၁၀)နေရာ၌ အသီးသီးရပ်တည်နေကြောင်း သိရသည်။ *Ref;Transfer Market*

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဆက်လက်မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့်ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၄ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်တရားမဝင် ၄ ထပ် အဆောက်အအုံ ၁ လုံးနှင့် ၂ ထပ် အဆောက်အအုံ ၃ လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၄ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၁၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၂ ထပ် အဆောက်အအုံ ၅ လုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၇၁ လုံးတို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)















KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကိုတွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၂၆ ရက်နှင့် ၂၇ ရက်**တို့တွင် ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့အတွင်း၌ တရားမဝင် သစ်မာ(၁ ဒသမ ၈၉၅)တန်၊ အခြားသစ်(၁ ဒသမ ၁၂၆)တန်၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၉၅၈၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁ ရက်နှင့် ၂ ရက်**တို့တွင် ဘီးလင်းမြို့နယ်၊ ရွှေသံလွင်တိုးဂိတ်ဟောင်း၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Sunlong Bus (၂)စီး၊ Mitsubishi Fuso Bus (၁)စီး၊ Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၀၀၀၀၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ်၊ ဘီးလင်းမြို့ နယ်ခြားကားလမ်း၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Nissan Caravan (၁)စီး၊ Toyota Hiace (၁)စီး၊ Ford Ranger (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ်၊ ဈေးကြိုရပ်ကွက်အနီး၌ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် Toyota Hilux (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀)ကိုလည်းကောင်း၊ ပေါင်မြို့နယ်၊ ကော့စိုင်ကျေးရွာ၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Toyota Hiace (၁)စီး၊Mitsubishi Canter(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ်၊ ကော့ပနောကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Nissan Condor Truck (၁)စီး၊ Mitsubishi Fuso Fighter(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ်၊ မိုးကောင်းကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Toyota Hiace (၁)စီး၊ Toyota Dyna (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၇၅၀၀၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ်၊ ပေါ်တော်မူကျေးရွာအနီး၌ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် Mitsubishi Fuso Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ **ဒီဇင်ဘာလ ၁ ရက်၊ ၂ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်** တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၀၈၉၅၈၄)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# တောင်ကိုရီးယား K2 တင့်ကားများတွင် ဒရုန်းကာကွယ်ရေးသံဆန်ခါများတပ်ဆင်စမ်းသပ်



တောင်ကိုရီးယားတပ်မတော်က သူတို့ အားအကိုးရဆုံး K2 Black Panther တင့်ကားတွေမှာ ဒရုန်းတွေရဲ့တိုက်ခိုက်မှုကို အကာအကွယ်ပေးနိုင်မယ့် သံဆန်ခါစနစ်တွေကို တပ်ဆင်နေပြီဖြစ်ပါတယ်။

လက်ရှိမှာ ဒါဟာ ရှေ့ပြေးပုံစံအဆင့်ပဲ ရှိပါသေးတယ်။ ရုရှား-ယူကရိန်းပဋိပက္ခမှာ တွေ့ခဲ့ရတဲ့ သင်ခန်းစာတွေအရ တန်ဖိုးကြီးလှတဲ့ တင့်ကားတွေဟာ သေးငယ်တဲ့ FPV ဒရုန်းတွေရဲ့ အပေါ်စီးကနေ တိုက်ခိုက်မှုကို ခံနေရတာပါ။

အထူးသဖြင့် တင့်ကားရဲ့ အပေါ်ဘက်ပိုင်းဟာ သံချပ်ကာအပါးဆုံးနေရာဖြစ်လို့ အဲဒီနေရာကိုကာကွယ်ဖို့အတွက် အခုလို သံဆန်ခါအမိုးတွေ တပ်ဆင်လာတာဖြစ်ပါတယ်။

ဒီသံဆန်ခါတွေကို တပ်ဆင်လိုက်ခြင်းအားဖြင့် အပေါ်ကနေ ကျဆင်းလာမယ့် ဗုံးသီးတွေ ဒါမှမဟုတ် ဒရုန်းတွေကို တင့်ကားကိုယ်ထည်နဲ့ တိုက်ရိုက်မထိတွေ့ခင် ကြိုတင်ပေါက်ကွဲသွားစေမှာ ဖြစ်ပါတယ်။

ဒါ့အပြင် တောင်ကိုရီးယားဟာ ဒီသံဆန်ခါတွေတင်မကဘဲ ဒရုန်းတွေကို အီလက်ထရွန်နစ်စနစ်နဲ့ နှောင့်ယှက်ဖျက်ဆီးမယ့် Jammer တွေကိုပါ တွဲဖက်စမ်းသပ်နေပါတယ်။ ခေတ်သစ်စစ်ပွဲတွေမှာ ဒရုန်းနည်းပညာဟာ အဆုံးအဖြတ်ပေးနိုင်တဲ့အထိ အရေးပါလာတာကြောင့် တောင်ကိုရီးယားအနေနဲ့ သူတို့ရဲ့ကာကွယ်ရေးစွမ်းအားကို အခုလိုမျိုး ပုံစံအသစ်တွေနဲ့ အဆင့်မြှင့်တင်နေတာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# နစ်ဆန်းကုမ္ပဏီက လျှပ်စစ်ကားဘက်ထရီ အဟောင်းများကို ပြန်လည်အသုံးချ

ဂျပန်နိုင်ငံမှ နစ်ဆန်း မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီက လျှပ်စစ်ကားတွေမှာ သုံးစွဲထားပြီးသား ဘက်ထရီအဟောင်းတွေကို အလဟဿမဖြစ်စေဘဲ စက်ရုံတွေရဲ့ စွမ်းအင်ကုန်ကျစရိတ်လျှော့ချဖို့အတွက် ပြန်လည်အသုံးချနေပါတယ်။

များသောအားဖြင့် လျှပ်စစ်ကားတွေမှာ သုံးတဲ့ ဘက်ထရီတွေဟာ ကားမောင်းဖို့ အားမပြည့်တော့ပေမယ့် တခြားနေရာတွေမှာ သုံးဖို့အတွက် စွမ်းအင်သိုလှောင်နိုင်စွမ်း ၇၀ ရာခိုင်နှုန်းလောက် ကျန်ရှိနေပါသေးတယ်။ နစ်ဆန်းဟာ ဒီဘက်ထရီတွေကို စုပေါင်းပြီး ကြီးမားတဲ့စွမ်းအင်သိုလှောင်မှုစနစ်တစ်ခုအဖြစ် ပြောင်းလဲလိုက်တာပါ။

ဒီစနစ်ဟာ နေ့ဘက်မှာ နေရောင်ခြည်မှရတဲ့ လျှပ်စစ်ဓာတ်အားတွေကို သိုလှောင်ထားပြီး စက်ရုံတွေမှာ လျှပ်စစ်စွမ်းအင်သုံးစွဲမှုအများဆုံးအချိန်တွေနဲ့ လျှပ်စစ်မီတာခဈေးကြီးတဲ့အချိန်တွေမှာ ပြန်လည်ထုတ်ပေးပါတယ်။ ဒါဟာ ကုမ္ပဏီအတွက် ကုန်ကျစရိတ်ကို သိသိသာသာလျှော့ချပေးနိုင်ရုံတင်မကဘဲ ကမ္ဘာကြီးရဲ့ သယံဇာတတွေကို ချွေတာရာလည်းရောက်ပါတယ်လို့ တာဝန်ရှိသူများကဆိုပါတယ်။

ဘက်ထရီတွေကိုစွန့်ပစ်မယ့်အစား အခုလိုမျိုး ဒုတိယဘဝတစ်ခုအဖြစ် ပြန်လည်အသက်သွင်းလိုက်တာဟာ နည်းပညာလောကအတွက်သာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ အလွန်စံပြဖြစ်တဲ့ လုပ်ဆောင်ချက်တစ်ခုအဖြစ်ကို ရောက်လာတယ်လို့ဆိုရမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**





**ပျောက်ဆုံးကြောင်း**

နန်းခင်သီတာဝင်း(ဘ)ဦးအောင်မြင့်ဌေး ၃/လဘန(နိုင်)၃၁၇၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 902744)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

သည်းဥဥခင်(ဘ)ဦးအောင်စိုးဦး ၁၂/တမန(နိုင်)၁၁၃၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၁၃၂၂၁၁

**ပျောက်ဆုံးကြောင်း**

နိုင်လင်းထွန်း(ဘ)ဦးကြိုင် ၇/ညလပ(နိုင်)၁၆၃၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၉၉၈၂၃၈

**ပျောက်ဆုံးကြောင်း**

နေလင်းအောင်(ဘ)ဦးသက်ဆွေ ၁၂/ဗတထ(နိုင်)၀၃၉၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၈၃၁၉၅၈

**ပျောက်ဆုံးကြောင်း**

မျိုးညွန့်သိန်း(ဘ)ဦးမြသိန်း ၁၄/ဇလန(နိုင်)၀၈၄၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၈၃၀၄၂၄

**ပျောက်ဆုံးကြောင်း**

မာဘဲလာ(ဘ)ဦးနေထန် ၄/မတပ(နိုင်)၀၃၉၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၇၂၈၂၁၈

**ပျောက်ဆုံးကြောင်း**

စန္ဒာလေး(ဘ)ဦးထွန်းပါ ၃/ဘအန(နိုင်)၁၇၉၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 956774)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

ဆန်ရွှေ(ဘ)ဦးစန်ဆီး ၁၃/မမတ(နိုင်)၀၅၆၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၂၄၅၉၅၂

**ပျောက်ဆုံးကြောင်း**

စန္ဒာလင်း(ဘ)ဦးဘိုဆန်း ၇/ထတပ(နိုင်)၁၃၈၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၆၈၀၆၃၇၃

**ပျောက်ဆုံးကြောင်း**

ဇော်မြင့်(ဘ)ဦးမြစိန် ၁၂/ကတတ(နိုင်)၀၂၅၈၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၀၈၉၃၃

**ပျောက်ဆုံးကြောင်း**

တင်မျိုးလွင်(ဘ)ဦးတင်မြ ၁၁/မပတ(နိုင်)၀၄၈၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၇၀၁၈၈၃

**ပျောက်ဆုံးကြောင်း**

ခင်မာလာ(ဘ)ဦးမြသိန်း ၁၂/ကမန(နိုင်)၀၈၀၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၆၆၂၄၂၄၃

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ နယ်မြေ(၁)၊ သာယာကုန်းရပ်၊ ကျောက်ပန်းတောင်းလမ်းမကြီးဘေး၊ ဦးပိုင်အမှတ်(၂၂၇)၊ မြေကွက်အမှတ်(၃၂၄/၄၉၈)နေ ဒေါ်သူဇာမြင့်(၈/ခမန(နိုင်)၀၀၄၀၉၀)ကိုင်ဆောင်သူမှ(အလျား ၅၄'-၀"x အနံ ၃၆'-၀")RC(၃)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**ပျောက်ဆုံးကြောင်း**

နိုင်ဇင်မင်း(ဘ)ဦးမြင့်စိုး ၁၄/လမန(နိုင်)၀၉၆၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဇင်မင်းလွင်(ဘ)ဦးအေးလွင် ၉/လဝန(နိုင်)၂၈၄၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

မြင့်မြင့်စိန်(ဘ)အောင်ဆန်း ၁၄/ကကထ(နိုင်)၁၈၉၃၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**

အောင်နိုင်(ဘ)ဦးဘစံ ၁၂/သဃက(နိုင်)၂၀၃၄၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၀၆၇၉၂

**ပျောက်ဆုံးကြောင်း**

ဝိနယ(ဘ)ဦးပေါ်အောင် ၅/ကဘလ(သ)၀၀၀၁၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၄၀၉၆၀၆၆၈

**ပျောက်ဆုံးကြောင်း**

တိုက်ရီလျှန်(ဘ)ဦးတိုက်ဆန်း ၁၃/မဆတ(နိုင်)၀၇၅၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 933709)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

တင်မိုးနိုင်(ဘ)ဦးကျော်မိုးဦး ၇/မညန(နိုင်)၁၀၃၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၈၀၄၅၃၂၇

**ပျောက်ဆုံးကြောင်း**

တင်တင်ဝေ(ဘ)ဦးရွှေကြည် ၆/ရဖန(နိုင်)၀၂၉၃၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 894730)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ခင်သူဇာအောင်(ဘ)ဦးအောင်အောင်သန်း ၁၂/ဥကမ(နိုင်)၂၄၀၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၄၆၅၁၈၀

**ပျောက်ဆုံးကြောင်း**

ဘဦးလှိုင်(ဘ)ဦးဘစော ၁၁/ကတန(နိုင်)၀၆၉၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၁၃၄၅၅၄၅

**ပျောက်ဆုံးကြောင်း**

ဖြူဖြူအောင်(ဘ)ဦးအောင်ငြိမ်း ၇/ရတရ(နိုင်)၁၀၈၅၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၄၈၄၈၀၀

**ပျောက်ဆုံးကြောင်း**

သက်ထားဝေ(ဘ)တင်မောင်မြင့် ၆/ကသန(နိုင်)၀၃၇၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 674371)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ မင်္ဂလာဇေယျ(၅)လမ်း၊ မြေကွက်အမှတ်(၁၇)နေ ဦးခင်မောင်တင့်(၉/မထလ(နိုင်)၁၄၀၆၇၅)ကိုင်ဆောင်သူမှ(အလျား ၃၀'-၀"x အနံ ၄၀'-၀") RC(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**ပျောက်ဆုံးကြောင်း**

အိအိငယ်(ဘ)ဦးဗေဒါ ၈/မဘန(နိုင်)၁၃၆၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၃၄၃၅၅၆

**ပျောက်ဆုံးကြောင်း**

မမိနိုင်(ဘ)ဦးတင်မောင် ၅/ဟမလ(နိုင်)၀၉၂၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၈၄၂၂၆

**ပျောက်ဆုံးကြောင်း**

အေးမွှေး(ဘ)ရော်စုဂျင် ၁၂/တမန(နိုင်)၀၈၅၆၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၀၅၇၇၇၉၇

**ပျောက်ဆုံးကြောင်း**

ဖြူးမြို့နယ်နေ ဖူးပွင့်ခိုင်(ဘ)ဦးမောင်မောင်လွင် ၇/ဖမန(နိုင်)၂၃၁၃၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 448926)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**

လေးမျက်နှာမြို့နယ်၊ ခြောက်ဆယ်ကျေးရွာနေ ဇင်မာခိုင်(ဘ)ဦးတင်သိန်း ၁၄/လမန(နိုင်)၁၂၃၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်း၊ ဝေါမြို့နယ်နေ မယုမာအောင်(ဘ)ဦးအောင်မြင့်စိန် ၇/ဝမန(နိုင်)၁၇၂၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 950018)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**

အောင်ဖြိုးဦး(ဘ)ဦးဝင်းလေး ၇/ပခန(နိုင်)၃၅၅၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၈၂၂၇

**ပျောက်ဆုံးကြောင်း**

ဝင်းလှိုင်(ဘ)ဦးတင်ရွှေ ၁၂/သကတ(နိုင်)၂၂၉၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၄၂၈၇၃၆

**ပျောက်ဆုံးကြောင်း**

ခင်အေးမော်(ဘ)ဦးသန်းရွှေ ၁၀/မလမ(နိုင်)၀၀၁၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၈၁၁၀၈၂၄

**ပျောက်ဆုံးကြောင်း**

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နေ မောင်မာနော်(ခ)လီကွေပေါက်(ဘ)ဦးကွမ်ခေါင်လ ၁/ဝမန(ပြု)၀၀၀၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 679372)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၆၈၈၆၄၂၉

**ပျောက်ဆုံးကြောင်း**

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကျေးချောင်းအုပ်စု၊ ကျောင်းရာနေ မဥမ္မာမိုး(ဘ)ဦးကျော်အုန်း ၉/တကန(နိုင်)၂၁၇၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၂၅၂၄၆၉၅

**ပျောက်ဆုံးကြောင်း**

ဖြူးမြို့၊ ကင်မွန်ခြံရွာနေ အေးစန္ဒာ(ဘ)ဦးခင်ဌေး ၇/ဖမန(နိုင်)၂၀၈၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 335174)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၈၇၄၉၁၇

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၉-၁၂-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၆၈၃။ | ဦးရှောက်ဆမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀၀ |
| ၁၀၆၈၄။ | ဦးဇာနည်ရွှေလှိုင်နှင့်ဇနီး ဒေါ်နီနီဝင်း မိသားစုကောင်းမှု | ၉၀၀၀၀၀ |
| ၁၀၆၈၅။ | ဦးတင်နှင့်ဇနီး ဒေါ်အိဇာထွေးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၆၈၆။ | ဒေါ်ဝင်းဝင်းမြိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၆၈၇။ | ကိုနိုင်ဝင်းနှင့်ဇနီး မသီသီညွန့်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၆၈၈။ | ကွယ်လွန်သူဒေါ်မြမြဝင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၈၉။ | ဦးကျော်ကျော်နိုင်နှင့်ဇနီး ဒေါ်မြတ်မျိုးစန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၀။ | ဦးအောင်သူရဝင်းနှင့်ဇနီး ဒေါ်သန္တာလင်း၊ (သား)မောင်ခန့်တည်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၁။ | ဦးဇော်ဇော်လတ်နှင့်ဇနီး ဒေါ်မြင့်မြင့်ထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၂။ | ကိုအောင်ကျော်မျိုးနှင့်ဇနီး မကေဇင်ဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၃။ | ဦးကျော်ကျော်မြင့်နှင့်ဇနီး ဒေါ်ကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၄။ | ဦးမျိုးကိုကိုအောင်နှင့်ဇနီး ဒေါ်ဝင်းရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၅။ | ဦးဇော်မင်းအောင်နှင့်ဇနီး ဒေါ်ထားယုနိုင်၊ (သား)မောင်သျှံဘုန်းထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၆။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်ကြည်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၇။ | ကိုရန်နိုင်လင်းနှင့်ဇနီး မချိုချိုထွန်းစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၈။ | ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ခင်မာသန်း၊ (သမီး)မလှိုင်ဝေဝေဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၆၉၉။ | ဦးမြင့်သောင်းနှင့်ဇနီး ဒေါ်အေးအေးမူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၀။ | ဦးဝင်းဗိုလ်နှင့်ဇနီး ဒေါ်ဟေမာလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၁။ | ကွယ်လွန်သူဦးစောကျော်စိန်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၇၀၂။ | ဦးဝင်းဆွေနှင့်ဇနီး ဒေါ်တင်မော်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၃။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၄။ | ဦးစောသိန်းဦးနှင့်ဇနီး ဒေါ်ဝင်းကြွယ်ကြွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၅။ | ကွယ်လွန်သူမကေခိုင်သင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၆။ | ကွယ်လွန်သူဦးကျော်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးဟန်ထွန်းနှင့်ဇနီး ဒေါ်ခင်မာရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၈။ | ကိုခန့်ရှိုင်းနှင့်ဇနီး မနှင်းပြည့်စုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၀၉။ | ကွယ်လွန်သူဦးမောင်အားရည်စူး၍ သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၁၀။ | ဦးသန်းမြင့်နှင့်ဇနီး ဒေါ်အေးအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၇၁၁။ | ကိုကျော်ဖုန်းမြင့်မိသားစုကောင်းမှု | ၉၉၀၀၀ |
| ၁၀၇၁၂။ | ဦးထင်ကျော်သူနှင့်ဇနီး ဒေါ်ခင်နန္ဒာမြင့်မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၁၀၇၁၃။ | ဒေါ်အေးကြည်မိသားစုကောင်းမှု | ၆၅၀၀၀ |
| ၁၀၇၁၄။ | ဦးစန်းဝင်းနှင့်ဇနီး ဒေါ်စိုးမြင့်နိုင်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၇၁၅။ | ဒေါ်စန်းစန်းမော်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၁၀၇၁၆။ | ဦးငွေစိုးနှင့်ဇနီး ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၇။ | ဦးမောင်နိုင်နှင့်ဇနီး ဒေါ်သန္တာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၈။ | ဦးဘိုဘိုကျော်နှင့်ဇနီး ဒေါ်ချောစုဇင်၊ (သား)မောင်အားမာန်ပြည့်၊ (သမီး)မထက်ဆုယွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၁၉။ | ဦးကောင်းထက်လွင်နှင့်ဇနီး ဒေါ်ဆုဝေလွင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၀။ | ဦးမြကြိုင်နှင့်ဇနီး ဒေါ်ကြင်ငွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၁။ | ကိုကောင်းခန့်စိုးနှင့်ဇနီး မခင်ဆုမြတ်နိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၂။ | ဦးမျိုးစံမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၇၂၃။ | ဒေါက်တာစိုးမြင့်ထွန်းနှင့်ဇနီး ဒေါက်တာမိုးမိုး၊ (သမီး)ဒေါက်တာဇာလီရွှန်းလဲ့ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၄။ | ဒေါ်ယဉ်နွယ်သန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၅။ | ဦးစံလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၆။ | ကိုအေးနှင့်ဇနီး မယဉ်မင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၇။ | ဦးထွန်းခင်နှင့်ဇနီး ဒေါ်စိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၈။ | ဦးအောင်ထွန်းဦးနှင့်ဇနီး ဒေါ်ချိုချိုမာ၊ (သား)မောင်အောင်မြင့်မြတ်၊ မောင်သွင်ထူးအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၂၉။ | ဦးမျိုးမြင့်အောင်နှင့်ဇနီး ဒေါ်နန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၀။ | ဦးသက်နိုင်နှင့်ဇနီး ဒေါ်မေချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၁။ | ကိုကျော်စန်းဦးနှင့်ဇနီး ဒေါ်ဇင်မာနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၂။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်ခင်ခင်ပြုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၃။ | ဦးကျော်လင်းနှင့်ဇနီး ဒေါ်ခင်ပြုံးဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၄။ | ဦးကျော်ဇင်ညွန့်နှင့်ဇနီး ဒေါ်မြတ်လေးငယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၅။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ကေသီကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၆။ | ဦးနေစိုးနှင့်ဇနီး ဒေါ်စံပါယ်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၇။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ရင်ကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၈။ | ဦးဇင်ဘိုဘိုထွန်းနှင့်ဇနီး ဒေါ်ဝင်းမြတ်မွန် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၃၉။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်သိင်္ဂီကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၀။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုပြည့်ဖြိုးအောင် နှင့်ဇနီး မဖြိုးဇင်ခိုင်၊ (သမီး)မသွန်းဖြိုးရတီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၁။ | ဒေါ်သိန်းသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၂။ | ကိုဇာနည်မောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၃။ | ဦးမောင်မောင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၄။ | ဒေါ်စန္ဒာအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၇၄၅။ | ဦးစိုးထိုက်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးကြည်မင်းဟန်** **၀၉-၆၇၀၇၅၇၈၄၇**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရွှာငံမြို့နေ မစူးခက်ပိုင် ၁၃/ရငန(နိုင်)၀၄၆၉၂၅ ကိုင်ဆောင်သူ၏ ဖခင်အမည် ဦးစိုးပိုင်နှင့် ဦးမြင့်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုးပိုင်(ခ)ဦးမြင့်မောင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မက်မန်းခရိုင်၊ မက်မန်းမြို့နေ အဘ ဦးကျတတ်၏သမီး မနာဟောမွေးနှင့် မနာလည်စိုး ၁၃/ပယန(နိုင်)၀၁၁၁၁၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနာဟောမွေး(ခ)မနာလည်စိုး**

**ပျောက်ဆုံးကြောင်း**

သန္တာဆွေ(ဘ)ဦးကျော်မင်းလတ် ၁၄/ဓနဖ(နိုင်)၂၁၃၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

မျိုးမင်းသူ(ဘ)ဦးဝင်းမောင် ၇/လပတ(နိုင်)၀၉၂၈၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဇော်သိန်းထိုက်(ဘ)ဦးတန်ကုတ်ဝေါင်(ခ)အောင်ကြိုင် ၁၂/သကတ(နိုင်)၁၆၂၅၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

မြတ်နိုးဦး(ဘ)ဦးပြုံးချို ၉/ပဗသ(နိုင်)၀၂၁၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

စိန်ရီ(ဘ)ဦးမောင်မောင် ၅/ကလထ(နိုင်)၀၀၅၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဒေါ်ရှုခင်(ဘ)ဦးအောင်လှ ၁၂/တမန(နိုင်)၀၆၆၆၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 234035)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၅၇၄၉၈၈၂၀**

**ပျောက်ဆုံးကြောင်း**

လွင်လွင်ကျော်(ဘ)ဦးကျော်နိုင်ဦး ၃/ကကရ(နိုင်)၁၈၆၈၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 226799)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

❖ သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများမဆုံးရှုံးစေရေးအတွက်ကို အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၉ ရက်နေ့တွင်ပြုလုပ်သော မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုများ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ဒီမိုကရေစီစနစ်ကို လိုလားသူပြည်သူလူထုများ၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၂၉

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည်အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏နိုင်ငံသားအခွင့်အရေးဖြစ်သည့်မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အောင်မြင်စွာကျင်းပပြီးမြောက်ခဲ့ပြီးဖြစ်သည်။

ရွေးကောက်ပွဲအပိုင်း(၁)တွင် နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၀၂ မြို့နယ်ရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နံနက် ၆ နာရီမှမဲရုံပိတ်သိမ်းသည်အထိ မည်သည့်ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့်ဆန္ဒမဲများပေးခဲ့ကြသည်ကို အားလုံးတွေ့မြင်ခဲ့ကြပြီးဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံတော်အစိုးရနှင့်ပြည်သူလူထုက ဒီမိုကရေစီလမ်းကြောင်းကိုရွေးချယ်နေချိန်တွင် အကြမ်းဖက်အဖျက်သမား စာမျက်နှာ ၂၂ ကော်လံ ၁ ➤



အကြမ်းဖက်အဖျက်သမားသောင်းကျန်းသူအုပ်စုက ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်အနီး၌ ဒေသန္တရလက်လုပ်မိုင်းများ ဖောက်ခွဲမှုအားတွေ့မြင်ရစဉ်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ စောင့်ကြည့်လေ့လာခဲ့မှုဆိုင်ရာ မှတ်ချက်ပြု အခမ်းအနားကျင်းပ စာ - ၁၅ သို့

## ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား




နေပြည်တော် ဒီဇင်ဘာ ၂၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများအနေဖြင့် တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး အသွား/အပြန် ရထားခရီးစဉ်ကိုအပတ်စဉ် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တို့တွင် ပြေးဆွဲပေးလျက်ရှိရာ ခရစ္စမတ်ရုံးပိတ်ရက်ကာလဖြစ်သည့် ဒီဇင်ဘာလ ၂၅ ရက်မှ ၂၈ ရက်အထိ လေးရက်တိုင်တိုင်ပြေးဆွဲပေးရာ ရထားစီးခရီးသည်စီးနင်းမှုများပြားကြောင်းသိရသည်။

အဆိုပါရှုခင်းကြည့်ရထားခရီးစဉ်အား ပြည်သူများကြိုက်နှစ်သက်ကြပြီး ရထားစီးခရီးသည်များပြားမှုကြောင့် ဒီဇင်ဘာလ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် ရထားပြေးဆွဲမှုကို တောင်ကြီးဘူတာမှ စာမျက်နှာ ၁၃ ကော်လံ ၄ ❍

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့်နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

စာ - ၁၂ သို့

## သန်လျင်မြို့နယ်ရှိ စွမ်းအင်ပြတိုက်အား မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်

စာ - ၁၄ သို့

## အစိုးရရုံးပိတ်ရက်နှင့်အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက်ပြန်အစားထိုးရန်သတ်မှတ်သည့် လက်ကျန်ရက်အား ပြင်ဆင်သတ်မှတ်

စာ - ၁၄ သို့

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ပုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်
